# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၃၃၉)၊ ၁၃၈၇ ခုနှစ် ၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက် ၊ ၁၁-၁၁-၂၀၂၅၊ အင်္ဂါနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ကျွန်တော်တို့လို နိုင်ငံခြားသား ၈၀ ရာခိုင်နှုန်းလောက်ဟာ ထိုင်းနိုင်ငံဘက်ကတစ်ဆင့် ဒီကိုရောက်လာကြတယ်။ ကျွန်တော်တို့ အာဖရိကဘက်က လာတဲ့သူတွေ ပိုများတယ်။

Benson Koech (ကင်ညာနိုင်ငံသား)

မြန်မာနိုင်ငံအတွင်းသို့ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ နယ်စပ် လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့ မွဲ့ထော်သလေး KK Park နယ်မြေများတွင် online လိမ်လည်မှုများ၊ online လောင်းကစားမှုများနှင့် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စစ်ဆေးဖော်ထုတ်ကာ သက်ဆိုင်ရာ နိုင်ငံများသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ယခုအခါ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အဟန့်အတားအနှောင့်အယှက်ဖြစ်စေသည့် တရားမဝင် လောင်းကစားမှု အပါအဝင် ဒုစရိုက်မှုမျိုးစုံ ပြုလုပ်နေကြသော ပြည်တွင်း၊ ပြည်ပ ဒုစရိုက်သမားများကို နိုင်ငံတော်အစိုးရနှင့်

စာမျက်နှာ ၁၄ သို့ ❖



ထိန်းသိမ်းရေးစခန်းရှိ ပြည်ပနိုင်ငံသားများအား တာဝန်ရှိသူများက စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် နိုဝင်ဘာ ၁၀**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကွက်ကျား၊ နေပြည်တော်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ကရင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **မိုး/ဧလ**

## ယနေ့ ဖတ်စရာအညွှန်း


မက်ဆီ ကစားသမားဘဝ ဂိုးဖန်တီးမှု အကြိမ် ၄၀၀ ပြည့်မြောက်

စာမျက်နှာ ၁၁

— — — — —

နေ့စဉ် ကော်ဖီတစ်ခွက်သောက်သုံးခြင်းက နှလုံးခုန်နှုန်းမမှန်ခြင်းကို ကာကွယ်ပေးနိုင်ဟု လေ့လာမှုတစ်ရပ်ကဆို

စာမျက်နှာ ၁၆

— — — — —

ပုဒ္ဓဘာသာဆိုင်ရာ ကြည်ညိုမှတ်သားဖွယ် သုတမှတ်စု(၂) (ဆောင်းပါး)

စာမျက်နှာ ၁၇

၂၀၂၅ ခုနှစ် ၊ နိုဝင်ဘာ ၁၁ ရက် ၊ အင်္ဂါနေ့။
မန္တလေး

## အဆင့်မြင့်ပညာရပ်များကိုသင်ယူရာ ထိပ်တန်းတက္ကသိုလ်ဖြစ်လာစေရန် ဆောင်ရွက်လျက်ရှိ

Naypyitaw State Academy ကို ပညာရှင်များ မွေးထုတ်ရာ ဦးဆောင်တက္ကသိုလ် ဖြစ်လာရန် မျှော်မှန်းချက်ဖြင့် မြန်မာနိုင်ငံ၏မြို့တော် နေပြည်တော်တွင် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာ ၉ ရက်က တည်ထောင်ဖွင့်လှစ်ခဲ့ရာ ယခုအခါ သုံးနှစ်ပြည့်မြောက်ပြီဖြစ်သည်။ Naypyitaw State Academy ကို စတင်ဖွင့်လှစ်သည့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် ဝိဇ္ဇာပညာမဟာဌာန၊ သိပ္ပံပညာမဟာဌာန၊ စီးပွားရေးပညာမဟာဌာန၊ ဥပဒေပညာမဟာဌာန စသည်ဖြင့် မဟာဌာနကြီးလေးခု၊ အထူးပြုဘာသာရပ် ၁၂ ခုတွင် ကျောင်းသား၊ ကျောင်းသူ ၁၂၆ ဦးကို လက်ခံသင်ကြားခဲ့ကြောင်း၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ဆေးပညာမဟာဌာန၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် လူမှုရေးပညာမဟာဌာန၊ အားကစားပညာမဟာဌာနတို့ကို တိုးချဲ့ဖွင့်လှစ်ခဲ့ပြီး မဟာဌာနကြီးခုနစ်ခု၊ အထူးပြုဘာသာရပ် ၂၀ တွင် ပထမနှစ်မှ မဟာတန်းအထိ တန်းစုံဖွင့်လှစ်သင်ကြားနိုင်ခဲ့ကြောင်း၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် Nuclear Physics၊ ကုန်ထုတ်ဓာတုဗေဒ၊ စာကြည့်တိုက်နှင့် သုတပညာ၊ သံတမန်ရေးရာအထူးပြုဘာသာရပ်လေးခုကို ထပ်မံဖွင့်လှစ်လိုက်သည့်အတွက် အထူးပြုဘာသာရပ် ၂၄ ခုကို ဖွင့်လှစ်သင်ကြားပို့ချနေပါကြောင်း၊ အရည်အသွေးရှိသော သင်ကြားသင်ယူမှုကို ထိရောက်စွာဆောင်ရွက်နိုင်ရန် သင်ကြားရေး အထောက်အကူပြုပစ္စည်းများ၊ ခေတ်မီလက်တွေ့ခန်းသုံးပစ္စည်းများ၊ ကိုယ်ကာယကြံ့ခိုင်မှုပစ္စည်းများ၊ ရည်ညွှန်းစာအုပ်များ၊ Internet Access နှင့် e-library တို့ကို ဖြည့်ဆည်းပေးထားပါကြောင်း။

Naypyitaw State Academy အနေဖြင့် ကျောင်းသားဗဟိုပြုသင်ကြားမှုစနစ် အကောင်အထည်ဖော်ရန် အလွန်အရေးကြီးပါကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ ဆရာ၊ ဆရာမများ အရည်အသွေး ပြည့်ဝရေးအတွက် သုံးနှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော အစဉ်အလာ၊ ဆောင်ရွက်ချက်များကို ဆက်လက်ထိန်းသိမ်းပြီး စဉ်းစားတွေးခေါ်နိုင်မှု၊ တီထွင်ဖန်တီးနိုင်မှု စွမ်းရည်မြင့်မား၍ စိတ်ဓာတ်နှင့် ခံယူချက်မှန်ကန်ကောင်းမွန်သော အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွက်လာစေရေး ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများအားလုံး ပူးပေါင်း၍ အရှိန်အဟုန်မြှင့် ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လိုကြောင်း၊ Naypyitaw State Academy ၏ ခံ့ညားထည်ဝါသော ဂုဏ်သတင်းကို အားလုံးထိန်းသိမ်းမြှင့်တင်ပေးကြရန် တိုက်တွန်းပါကြောင်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချောချောစိန် က နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းတွင် Naypyitaw State Academy ဘက်စုံသုံးခန်းမ၌ ကျင်းပသည့် Naypyitaw State Academy တည်ထောင်ခြင်း သုံးနှစ်ပြည့် အခမ်းအနား၌ ပြောကြားခဲ့သည်။

Naypyitaw State Academy ပါမောက္ခချုပ် ဒေါက်တာ နုနုလွင်က သုံးနှစ်တာအတွင်း ဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် စာတမ်းဖတ်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ် သုံးနှစ်ပြည့်အတွက် အမှတ်တရ ဂုဏ်ပြုပန်းစည်းပေးအပ်ရာ ပါမောက္ခချုပ်က လက်ခံရယူကာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ခင်းကျင်းပြသထားသည့် သုတေသနပြခန်းများကို လိုက်လံကြည့်ရှုအားပေးကြသည်။

စဉ်းစားတွေးခေါ်ဖန်တီးမှုကို အားပေးသော၊ အရည်အသွေးပြည့်ဝသော သင်ကြားသင်ယူလေ့ကျင့်မှုများမှတစ်ဆင့် အသုံးချသုတေသနနှင့် တီထွင်ဆန်းသစ်မှုကို အားပေးသည့် အဆင့်မြင့်ပညာရပ်များကိုသင်ယူရာ ထိပ်တန်းတက္ကသိုလ်ဖြစ်လာစေရန် ဦးတည်ချက်ဖြင့် Naypyitaw State Academy ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်း(၁/၂၀၂၅)သင်တန်းဖွင့်လှစ်

**ပုသိမ်ကြီး နိုဝင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ် မီးသတ်ဦးစီးဌာနမှ ကြီးမှူးကျင်းပသော အရန်မီးသတ်တပ်ဖွဲ့ဝင်များလေ့ကျင့်ရေးမွမ်းမံသင်တန်း(၁/၂၀၂၅) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက အဆိုပါဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေလင်းထွန်း၊ အဖွဲ့ဝင် ဦးညွန့်ဆန်း၊ အဖွဲ့ဝင် ဒေါ်လွင်လွင်နု၊ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးမင်းသန့်၊ ဖိတ်ကြားထားသည့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ သင်တန်းသားများ တက်ရောက်ကြသည်။

ဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောရာတွင် "ပြည်ထဲရေးဝန်ကြီးဌာန အနေဖြင့် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ပြည်သူ့အကျိုးပြုဆောင်ရွက်ရေး စသည့် ရည်မှန်းချက်တာဝန်များကို အကောင်အထည်ဖော်လျက်ရှိသည့်အတွက် မီးသတ်တပ်ဖွဲ့ကလည်း မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးစသည့် ရည်မှန်းချက်တာဝန်လေးရပ်ကို အောင်မြင်စွာဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ မီးလောင်မှုလျော့နည်းကျဆင်းအောင် အစွမ်းကုန်ကြိုးစားကြရမှာဖြစ်ကြောင်း၊ မီးသတ်တပ်ဖွဲ့အနေဖြင့် ပြည်သူလူထု၏အကျိုးစီးပွားကို ကာကွယ်ကြရန်၊ ကူညီစောင့်ရှောက်သွားရန်၊ ကိုယ်စိတ်နှစ်ပါး ချမ်းသာမှုရအောင် လုပ်ဆောင်ကြရန်၊ အားကိုးယုံကြည်ရတဲ့ မီးသတ်တပ်ဖွဲ့ဖြစ်စေရေး တပ်ဖွဲ့ဝင်များ စွမ်းဆောင်ရည်မြှင့်တင်ကြရန်၊ မီးသတ်တပ်ဖွဲ့၏ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး ကြိုးစားဆောင်ရွက်ကြရန်" ပြောကြားသည်။

အဆိုပါသင်တန်းကို မြို့နယ်အတွင်းရှိ အရန်မီးသတ်တပ်ဖွဲ့များမှ တပ်ဖွဲ့ဝင်သင်တန်းသား ၅၀ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းကာလကို နိုဝင်ဘာ ၁၀ ရက်မှ ဒီဇင်ဘာလ ၅ ရက်အထိ မြို့နယ်မီးသတ်တပ်ဖွဲ့မှ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **စာနည်းကိုကို**

## ကျေးလက်စည်ပင်သာယာဈေး သန့်ရှင်းသပ်ရပ်မှုရှိစေရန် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**ပွင့်ဖြူ နိုဝင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့က စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ကျေးလက်စည်ပင်သာယာဈေးများ ဈေးအင်္ဂါရပ်နှင့်အညီ စဉ်ဆက်မပြတ် သန့်ရှင်းသပ်ရပ်စေရေးအတွက် အပတ်စဉ် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယမန်နေ့က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက ပွင့်ဖြူမြို့နယ် လယ်ကိုင်းကျေးရွာ ကျေးလက်စည်ပင်သာယာဈေးသို့ သွားရောက်ပြီး ဈေးပတ်ဝန်းကျင်၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ပြုလုပ်ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလင်းမင်းညွန့်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ကာ ဝန်ထမ်းများ ပူးပေါင်းအဖွဲ့က အမှိုက်သိမ်းယာဉ်ဖြင့် ဈေးပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်မှုရှိစေရန် ချုံနွယ်ပေါင်းမြက်များ ရှင်းလင်းခြင်း၊ ပလတ်စတစ်အမှိုက်များ လိုက်လံကောက်ယူရှင်းလင်းခြင်း၊ စွန့်ပစ်အမှိုက်ကန်ရှိ အမှိုက်သရိုက်များ သိမ်းဆည်းခြင်း၊ ကျေးရွာတွင်းလမ်းဘေး(ဝဲ၊ ယာ)နှင့် ဈေးမျက်နှာစာ ကားလမ်းဘေးတစ်လျှောက်ရှိ စည်းကမ်းမဲ့ စွန့်ပစ်ပလတ်စတစ်အမှိုက်များ ကောက်ယူသိမ်းဆည်းခြင်း လုပ်ငန်းများကို စနစ်တကျ စုပေါင်းသန့်ရှင်းဆောင်ရွက်ခဲ့ကြသည်။

ပွင့်ဖြူမြို့နယ်တွင် မြို့ပြသန့်ရှင်းသာယာရေး၊ စည်ပင်သာယာဈေးများ ဈေးအင်္ဂါရပ်နှင့်အညီ သန့်ရှင်းသပ်ရပ်စေရေး၊ ဈေးလုံခြုံရေးနှင့် ဈေးသူ၊ ဈေးသားများ စနစ်တကျ ဈေးရောင်း၊ ဈေးဝယ်ပြုလုပ်နိုင်ရေး၊ ပြည်သူလူထုစည်းကမ်းမဲ့ အမှိုက်စွန့်ပစ်ခြင်းများ ရှောင်ကြဉ်သတိပြုနိုင်ရေး အသိပညာပေးခြင်းနှင့် မြို့ပတ်ဝန်းကျင် ပလတ်စတစ်(ကြွပ်ကြွပ်အိတ်) ကင်းစင်ရေး စသည့် မြို့ပြသန့်ရှင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ပြုလုပ်ဆောင်ရွက်လျက်ရှိကြောင်း ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

(၄၄၅)

၀-၀-၀-၀-၀

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး နိုဝင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့တွင် မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအနောက်ရပ်ကွက်၊ ၈၅လမ်း၊ ၃၆လမ်းနှင့် ၃၇လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ ၁၂၁လမ်း၊ ၅၂ လမ်းနှင့် ၅၃လမ်းကြားတို့တွင် ရောင်းချပေးလျက်ရှိသည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်များကို နိုဝင်ဘာ ၁၁ ရက်တွင် အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ ၁၉ လမ်း၊ ၈၆လမ်းနှင့် ၈၇လမ်းကြားနှင့်အမရပူရမြို့နယ်၊ လေးစုရပ်ကွက်မှော်ရုံ၊ အထက(၁)အနောက်ဘက်တို့တွင်လည်းကောင်း၊ နိုဝင်ဘာ ၁၂ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇ လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားနှင့် ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ ၁၁၈လမ်း၊ ၄၆ လမ်းနှင့် ၄၇လမ်းကြားတို့တွင်လည်းကောင်း၊ နိုဝင်ဘာ ၁၃ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ ၅၄လမ်းနှင့် ၁၃၃ လမ်းထောင့်တွင် ရောင်းချပေးသွားမည်ဖြစ်ပြီး နိုဝင်ဘာ ၁၄ ရက်တွင် အမျိုးသားအောင်ပွဲနေ့ ရုံးပိတ်ရက် သက်သာဈေး ရောင်းချမှုကိုရပ်နားထားပြီး ရုံးဖွင့်ရက်များတွင် ပုံမှန်အတိုင်း ရောင်းချပေးသွားမည်ဖြစ်သည်။



ထိုသို့ တိုက်ရိုက်ရောင်းချနေမှု အစီအစဉ်များကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့် သားသတ်ဌာနဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



## မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဒုတိယအကြိမ် အစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၀

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဒုတိယအကြိမ် အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဗဟိုလုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ၊ ဗဟိုလုပ်ငန်းအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ သီလဝါ၊ ကျောက်ဖြူနှင့် ထားဝယ်အထူးစီးပွားရေးဇုန်တို့မှ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က သီလဝါအထူးစီးပွားရေးဇုန်တွင် ပြည်ပပို့ကုန် တိုးမြှင့်တင်ပို့နိုင်ရေးနှင့် ပြည်ပပို့ကုန် မြင့်တက်အောင် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏ ကုန်သွယ်ရေးလိုငွေပြမှုကို နည်းနိုင်သမျှနည်းအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ MSMEs ကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်တွင်းရှိ MSMEs လုပ်ငန်းများနှင့် ပိုမိုချိတ်ဆက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်၏ ကျောက်ဖြူရေနက်ဆိပ်ကမ်း စီမံကိန်းအတွက် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထားဝယ်အထူးစီးပွားရေးဇုန်တွင် လာရောက်ရင်းနှီးမြှုပ်နှံမည့်သူများအား မြန်မာအထူးစီးပွားရေးဇုန် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရန် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေက သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှုများ တိုးပွားလာရေး ဆက်လက်ကြိုးစားဆောင်ရွက်လိုကြောင်း၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံကိန်းနှင့် ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများက ပိုမိုတိုးမြှင့်ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က ယခင်ကျင်းပခဲ့သည့် ဗဟိုလုပ်ငန်းအဖွဲ့၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပထမအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး သီလဝါအထူးစီးပွားရေးဇုန်၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ထားဝယ်အထူးစီးပွားရေးဇုန်တို့မှ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများက အမှာစာများကို ဖတ်ကြားတင်ပြကြကာ ဗဟိုလုပ်ငန်းအဖွဲ့ဝင်များက ဇုန်တစ်ခုချင်းအလိုက် လုပ်ငန်းဆောင်ရွက်ပေးနေမှု အခြေအနေများကို သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ပြန်လည်ရှင်းလင်းဆွေးနွေးကာ တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၈၂) သင်တန်းဖွင့်

### နိုင်ငံသားတိုင်းတွင် အသိပညာ၊ အတတ်ပညာ၊ အတွေးအခေါ်နှင့် ဗဟုသုတများ ပြည့်ဝရန်လိုအပ်

နေပြည်တော် နိုဝင်ဘာ ၁၀

အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၈၂) သင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ရတနာခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးစိုးမင်းဦး၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ တက္ကသိုလ် သင်ကြား/ စီမံဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးစိုးမင်းဦးက နိုင်ငံတော်ရေရှည်တည်တံ့ ခိုင်မြဲရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရည်မြင့်မားရေးသည် အဓိကလိုအပ်ချက်ဖြစ်ကြောင်း၊ နိုင်ငံသားတိုင်းတွင် အသိပညာ၊ အတတ်ပညာ၊ အတွေးအခေါ်နှင့် ဗဟုသုတများ ပြည့်ဝရန်လိုအပ်ပါကြောင်း၊ ဆရာ၊ ဆရာမများအနေဖြင့် အနာဂတ်နိုင်ငံတော်ကိုပုံဖော်ထုဆစ်မည့်ကျောင်းသား၊ လူငယ်များအား ပညာကိုဆုံးခန်းတိုင် သင်ယူနိုင်စေရန်၊ စာတော်ရုံသာမက လိမ္မာယဉ်ကျေးပြီး ဘက်စုံထူးချွန်သည့် လူရည်ချွန်၊ လူရည်မွန်များဖြစ်ကာ အတတ်ပညာရှင်၊ အသိပညာရှင်များဖြစ်လာစေရန် ဦးတည်သင်ကြားပေးရမည်ဖြစ်ကြောင်း။

သို့အတွက် ဆရာ၊ ဆရာမများ၏ အခန်းကဏ္ဍသည် အဓိကကျပါကြောင်း၊ ကျောင်းသားလူငယ်များအား နိုင်ငံချစ်စိတ်ရှိပြီး ဘာသာရပ်ဆိုင်ရာ သင်ခန်းစာ၊ ဗဟုသုတ၊ ကိုယ်ကာယကြံ့ခိုင်မှု၊ အကျင့်စာရိတ္တနှင့် ကျင့်ဝတ် စသည့်ရပ်ပိုင်း၊ စိတ်ပိုင်းအရည်အသွေးများအပြင် စဉ်းစားတွေးခေါ်မှုမြင့်မားသောသူများဖြစ်လာအောင် လေ့ကျင့်ပြုစု ပျိုးထောင်ပေးရန် အထူးလိုအပ်ပါကြောင်း၊ "မိဘဆရာ ပူးပေါင်း ကလေးပညာကောင်း" ဆိုသည့် ဆောင်ပုဒ်အတိုင်း ပညာရည်တိုးတက်မြင့်မားစေရေးအတွက် ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘပြည်သူများ အတူလက်တွဲကာ အနာဂတ်၏ ရင်သွေးလေးများကို နိုင်ငံတကာအဆင့်မီ အရည်အသွေးအာမခံနိုင်သည့် လူ့စွမ်းအားအရင်းအမြစ်ဖြစ်စေရေး သင်ကြားလေ့ကျင့်ပေးကြရန် တိုက်တွန်းမှာကြားသည်။

သင်တန်းသို့ ပညာရေးဝန်ကြီးဌာနမှ သင်တန်းသား ၈၈ ဦး၊ သင်တန်းသူ ၃၄၂ ဦး စုစုပေါင်း ၄၃၀ တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တ ငါးပတ်ကြာမြင့်မည်ဖြစ်သည်။

ယင်းနောက် ရာထူးဝန်ဥက္ကဋ္ဌသည် တက္ကသိုလ်မှတာဝန်ရှိသူများနှင့်အတူ တက္ကသိုလ်ရှိ အုပ်ချုပ်မှုဆိုင်ရာရုံးဌာနများနှင့် သင်တန်းများ လေ့ကျင့်သင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မန္တလာဆောင်တွင် အလယ်အလတ်အဆင့် အရာထမ်း သင်တန်းအမှတ်စဉ်(၁၄)မှ သင်တန်းသူ၊ သင်တန်းသားများနှင့်အတူ နေ့လယ်စာ သုံးဆောင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်





# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန်
၄၇
ရက်
သာ လိုတော့သည်။

- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၆/၂၀၂၅) ဖြင့် ၂၈-၁၂-၂၀၂၅ ရက်နေ့၌ ကျင်းပမည့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင် ပါဝင်သည့် မြို့နယ် (၁၀၂) မြို့နယ်ကိုလည်းကောင်း၊ ၂၈-၁၀-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၄၁/၂၀၂၅) ဖြင့် ၁၁-၁-၂၀၂၆ ရက်နေ့၌ ကျင်းပမည့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)တွင် ပါဝင်သည့် မြို့နယ် (၁၀၀) မြို့နယ်ကိုလည်းကောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့် ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် (၅၆)နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် (၉)နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် (၅၆)နယ်စာရင်းတို့ကို ထုတ်ပြန်ကြေညာပြီးဖြစ်သည်။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် ၂၇၄ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၇၅ နယ်၊ အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၂၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၂၆၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၄၂ နယ်နှင့် တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ နယ်တို့တွင် ရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာပြီးဖြစ်သည်။

# အကြိမ် (၂၀) မြောက် အာဆီယံ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၀

အကြိမ် (၂၀) မြောက် အာဆီယံအသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (ACCMSME) အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Park Royal ဟိုတယ်၌ ကျင်းပသည်။

အစည်းအဝေးသို့ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ လုပ်ငန်းကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ဆက်စပ်ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်သူများအသင်း ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဘဏ်များအသင်း ဒုတိယဥက္ကဋ္ဌ၊ နေပြည်တော်အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြပြီး အကြိမ်(၂၀)မြောက် အာဆီယံအသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများပူးပေါင်းဆောင်ရွက်ရေးကော်မတီအလှည့်ကျဥက္ကဋ္ဌ ထိုင်းနိုင်ငံ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေးဌာန လက်ထောက်ညွှန်ကြားရေးမှူးချုပ် Mr. Wittawat နှင့် အာဆီယံနိုင်ငံများမှ တာဝန်ရှိသူများက Virtual ဖြင့် တက်ရောက်ကြသည်။

### အရေးအပါဆုံးအခန်းကဏ္ဍတွင်ပါဝင်

ဦးစွာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသည် အာဆီယံနိုင်ငံများ၏ စီးပွားရေးအခြေခံအုတ်မြစ်ဖြစ်ပြီး စီးပွားရေးတိုးတက်မှုနှင့် အလုပ်အကိုင်ဖန်တီးမှုတွင် အရေးအပါဆုံးအခန်းကဏ္ဍတွင် ပါဝင်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဒစ်ဂျစ်တယ်နည်းပညာ၊ ဆန်းသစ်တီထွင်မှုနှင့် ရေရှည်တည်တံ့သော အလေ့အကျင့်များမှတစ်ဆင့် MSME များကို စွမ်းဆောင်ရည်မြှင့်တင်ပေးရေးဆိုင်ရာ အာဆီယံ၏ ဘုံရည်မှန်းချက်ကို အပြည့်အဝထောက်ခံကြောင်း၊

အာဆီယံ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် MSME များအတွက် ဒစ်ဂျစ်တယ်လက်ခံမှုနှင့် နည်းပညာအဆင့်မြှင့်တင်မှု၊ ဒေသတွင်းနှင့် ကမ္ဘာ့တန်ဖိုးကွင်းဆက်များတွင် ယှဉ်ပြိုင်နိုင်သော MSME များဖြစ်လာစေရန်၊ ဘဏ္ဍာရေးယန္တရားများအား လက်လှမ်းမီအသုံးပြုခွင့်ရရှိရေး၊ အားလုံးပါဝင်မှုနှင့် ရေရှည်တည်တံ့မှု၊ အာဆီယံမူဘောင်များအောက်တွင် အားလုံးပါဝင်မှုရှိသော ဈေးကွက်ပေါင်းစည်းမှု၊ MSME လုပ်ငန်းများ၏ ယှဉ်ပြိုင်နိုင်စွမ်းနှင့် ပြန်လည်ထူထောင်နိုင်စွမ်းအတွက် စွမ်းရည်တည်ဆောက်ခြင်းနှင့် အသိပညာဖလှယ်ခြင်း၊ အာဆီယံလုပ်ငန်းများနှင့် မူဝါဒချမှတ်သူများအား အစိမ်းရောင်အသွင်ကူးပြောင်းရန် လိုအပ်သော ကျွမ်းကျင်မှုများ မြှင့်တင်ပေးခြင်းတို့နှင့်စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်အားကောင်းစေရန် စုပေါင်းအားဖြင့် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း အကြိမ် (၂၀) မြောက် အာဆီယံအသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (ACCMSME) အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများတွင် အမှာစကားပြောကြားစဉ်။

မြန်မာနိုင်ငံအနေဖြင့် တီထွင်ဆန်းသစ်မှုအားကောင်းသည့် MSME များ ပေါ်ထွန်းလာရေး၊ ရေရှည်တည်တံ့သည့် MSME ဝန်းကျင်တစ်ခု ဖြစ်ပေါ်လာရေး ဆောင်ရွက်လျက်ရှိသည့် အာဆီယံ၏ ဦးဆောင်ဦးရွက်ပြုမှုများကို အမြဲထောက်ခံအားပေးကြောင်း၊ ထို့ပြင် မိတ်ဖက်ဆက်ဆံရေးများ၊ အသိပညာမျှဝေခြင်းများနှင့် ဒေသတွင်းစည်းလုံးညီညွတ်မှုတို့မှတစ်ဆင့် MSME များသည် တန်းတူညီမျှပြီး ရေရှည်တည်တံ့သော တိုးတက်မှုအတွက် စွမ်းအားပြည့်နေသော အင်ဂျင်များအဖြစ် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

### မိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ဖော်ဆောင်

ထို့နောက် ထိုင်းနိုင်ငံ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေးဌာန လက်ထောက်ညွှန်ကြားရေးမှူးချုပ်က ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာအားကောင်းစေရေးအတွက် ကော်မတီဝင်အားလုံး MSMEများ ရင်းနှီးမြှုပ်နှံမှုရရှိရေး၊ အားလုံးပါဝင်လုပ်ကိုင်နိုင်သည့် စီးပွားရေးဝန်းကျင်ကောင်းဖန်တီးပေးနိုင်ရေး၊ အမျိုးသမီးစွန့်ဦးတီထွင်လုပ်ငန်းရှင်များ၏ အခန်းကဏ္ဍတို့ကို မြှင့်တင်ပေးနိုင်ရေးအတွက် ၂၀၂၅ ခုနှစ်အတွင်း ဆန်းစစ်မှုပြုလုပ်ရန် ကတိကဝတ်ပြုထားခဲ့ကြပြီးဖြစ်ကြောင်း၊ ၂၀၃၀ ပြည့်နှစ် ဆန်းစစ်မှုအဖြစ် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုနှင့် အနာဂတ်တွင် MSME များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးကို ပူးပေါင်းပါဝင်မြှင့်တင်သွားနိုင်ရေး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယနေ့အစည်းအဝေးတွင် ၂၀၂၅ ဆန်းစစ်မှုကို ပြန်လည်သုံးသပ်ခြင်းနှင့် ၂၀၃၀ ကို ပြန်လည်သုံးသပ်ခြင်း အကောင်အထည်ဖော်နိုင်ရေးဆောင်ရွက်ချက်များကို အမြင်ချင်းဖလှယ်သွားကြရန်နှင့် အာဆီယံဆိုင်ရာအသင်းအဖွဲ့များ၊ မိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ဖော်ဆောင်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို အလေးထားဆွေးနွေးသွားကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ၌ MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် ဗီဒီယိုကလစ်ကိုပြသပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

### လေးရက်ကြာကျင်းပသွားမည်

ညနေပိုင်းတွင် အကြိမ် (၂၀) မြောက် အာဆီယံ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (ACCMSME) အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၏ ဂုဏ်ပြုညစာစားပွဲကို Park Royal ဟိုတယ်၌ ကျင်းပခဲ့ကြောင်းနှင့် အဆိုပါ အကြိမ်(၂၀) မြောက် အာဆီယံ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ (ACCMSME)အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို လေးရက်ကြာကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ဒီမိုကရက်တစ်အင်အားစု လေဘာပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၁၀

ဒီမိုကရက်တစ်အင်အားစု လေဘာပါတီ အထွေထွေအတွင်းရေးမှူး ဦးဝင်းမြင့်မောင် က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၁၀ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။

အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-



လေးစားအပ်ပါသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အတွင်း မှီတင်းနေထိုင်ကြပါသော ရဟန်းရှင်လူ မိဘလုပ်သားပြည်သူ အပေါင်းတို့ ခင်ဗျာ။

ကျွန်တော်တို့ ဒီမိုကရက်တစ်အင်အားစု လေဘာပါတီ မန္တလေး တိုင်းဒေသကြီး အခြေစိုက်ပါတီမှ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၂၈) ရက်နေ့၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ပါဝင်ယှဉ်ပြိုင် သွားမှာ ဖြစ်ပါတယ်။

ကျွန်တော်ကတော့ ဒီမိုကရက်တစ်အင်အားစု လေဘာပါတီမှ အထွေထွေအတွင်းရေးမှူး ဦးဝင်းမြင့်မောင် ဖြစ်ပါတယ်ဆိုတာ မိတ်ဆက်ပါရစေ။ ကျွန်တော်တို့ ပါတီအနေဖြင့် ပါတီ၏ရှေ့လုပ်ငန်းစဉ်၊ တိုင်းပြည်နှင့် လူမျိုးအပေါ် တာဝန်ဝတ္တရားအသီးသီးရှိ ကဏ္ဍအလိုက် ဖော်ဆောင်ပေးမည့်တာဝန်များကို တင်ပြဟောပြောသွားမှာ ဖြစ်ပါတယ်။

နံပါတ် (၁) အနေနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်း နေထိုင်သည့် ပြည်ထောင်စုသားတိုင်း လူမျိုး ကျား/မ နေထိုင်ရာ ဆင်းရဲချမ်းသာမရွေး နိုင်ငံရေးလွတ်လပ်ခွင့် အပြည့်အဝရရှိရေး ဖြစ်ပါတယ်။

နံပါတ် (၂) လူမှုရေးလွတ်လပ်ခွင့်နှင့် ဒီမိုကရေစီ လူ့အခွင့်အရေး တန်းတူညီမျှ ထွန်းကားစေရေးအား မြန်မာနိုင်ငံတွင် ထွန်းကားလာ စေရန် လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။

နံပါတ် (၃) မြန်မာပြည်သူပြည်သားအားလုံးသည် ဥပဒေနှင့်အညီ လွှပ်ရှားမှုကဏ္ဍအသီးသီး ပါဝင်ဆောင်ရွက်နိုင်ရေး။

နံပါတ် (၄) ပါတီ၏လုပ်ငန်းစဉ်တိုင်း အဓိကဖော်ဆောင်နိုင်ရန် လိုအပ်သော ရန်ပုံငွေရရှိဖော်ဆောင်သွားမှာ ဖြစ်ပါတယ်။

နံပါတ် (၅) ပါတီ၏ အဆင့်အားလုံးတွင် တိုင်းရင်းသား အမျိုးသား၊ အမျိုးသမီးအားလုံး တန်းတူပါဝင်ဆောင်ရွက်ရေးကို တည်ဆောက် သွားမှာ ဖြစ်ပါတယ်။

နံပါတ် (၆) ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်သော လူမျိုးစုအချင်းချင်း လေးစားမှု၊ ယုံကြည်မှု ပူးပေါင်းဆောင်ရွက်မှုများ အားကောင်းလာစေရန် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

နံပါတ် (၇) ဒီမိုကရက်တစ်အင်အားစု လေဘာပါတီ ပါတီဝင်များ၏ သစ္စာအဓိဋ္ဌာန်မှာ -

(၁) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် တိုင်းရင်းသားပြည်သူ များအပေါ် သစ္စာစောင့်သိပါမည်။

(၂) ပါတီဝင်အချင်းချင်း သစ္စာရှိပါမည်။

(၃) ပါတီ၏ တာဝန်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင် ပါမည်။

(၄) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင် ကြသော ပြည်သူလူထု၏အကျိုးစီးပွားကို အစဉ်အမြဲ ကာကွယ် စောင့်ရှောက်ပါမည်။ ပါတီ၏ သစ္စာ(၄)ချက်အား ဦးထိပ်ပန် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

နံပါတ် (၈) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်း သာယာတိုးတက်ရေးဖြစ်သည့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေး၊ ဒီမိုကရေစီအရေး၊ ငြိမ်းချမ်းရေး အချက်ကျသည့် လုပ်ငန်းစဉ်များကို အလေးအနက်ထား၍ အောင်မြင်ရန်တိုင်းရင်းသားညီအစ်ကိုမောင်နှမ များနှင့်အတူ ကြိုးစားပူးပေါင်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

နံပါတ် (၉) မိမိတို့ နေထိုင် သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံရှိ လူမျိုးစု (၁၃၅) မျိုး ရှိတဲ့ တိုင်းရင်းသားများနှင့်အတူ ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက် ရေးသည် မိမိတို့၏ ပါတီတာဝန်အဖြစ် ခံယူအပ်ပါတယ်။

နံပါတ် (၁၀) ဒီမိုကရက်တစ်အင်အားစု လေဘာပါတီ ယုံကြည် သော ဒီမိုကရေစီစနစ်တွင် လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ ညီမျှခြင်း ဟူသော လောကပါလတရားများ ထွန်းကားကျင့်သုံးနိုင်ရေး၊ နိုင်ငံရေး လွတ်လပ်မှုနှင့် စီးပွားရေးလွတ်လပ်မှု၊ တရားစီရင်ရေးလွတ်လပ်မှု၊ လွတ်လပ်စွာဟောပြောစည်းရုံးနိုင်မှု စသည့် လွတ်လပ်မှုအခြေခံ အခွင့်အရေးများကို ပြည်သူတို့ အပြည့်အဝခံစားနိုင်ကြစေရန်တို့ကို ကြိုးစားလုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေဖြင့် -

လေးစားတန်ဖိုးထားရပါသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမ များနှင့် ရဟန်းရှင်လူမိဘလုပ်သားပြည်သူအပေါင်းတို့နှင့် ပါတီစုံ ဒီမိုကရေစီအောင်မြင်စေရန် ကြိုးစားအားထုတ်ကြသော ခေါင်းဆောင် ကြီးများအား ဒီမိုကရက်တစ်အင်အားစု လေဘာပါတီမှ ဘေးဘယာ တွေ ဝေးကွာကြပြီး ချမ်းသာသုခနှစ်ဖြာ ပြည့်စုံပါစေကြောင်း ဆုမွန် ကောင်း တောင်းဆုပြုလျက်...

အားလုံးကို ကျေးဇူးအထူးတင်ပါတယ်။

## အိန္ဒိယက အခွန်ကင်းလွတ်ခွင့် ရပ်ဆိုင်းထားသဖြင့် မြန်မာ့စားတော်ပဲ တင်ပို့မှု လျော့ကျသွားနိုင်

**နေပြည်တော် နိုဝင်ဘာ ၁၀**

အိန္ဒိယအစိုးရက စားတော်ပဲ တင်သွင်းမှုအပေါ် အကောက်ခွန်ကင်းလွတ်ခွင့် ရပ်ဆိုင်းလိုက်သောကြောင့် မြန်မာနိုင်ငံကနေ အိန္ဒိယဈေးကွက်ကို တင်ပို့မှု လျော့သွားနိုင်ကြောင်း ကိုးလ်ကတ္တားမြို့အခြေစိုက် မြန်မာ စီးပွားရေးသံမှူး၏ ကုန်သွယ်ရေး သတင်းထုတ်ပြန်ချက်အရ သိရသည်။

နိုဝင်ဘာ ၁ ရက်မှစပြီး စားတော်ပဲတင်သွင်းမှုအပေါ် ၁၀ ရာခိုင်နှုန်း တင်သွင်းခွန်နှင့် စိုက်ပျိုးရေးအခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးအခွန် ၂၀ ရာခိုင်နှုန်း တို့ကို ကောက်ခံသွားမည်ဖြစ်ကြောင်း အိန္ဒိယ ဘဏ္ဍာရေးဝန်ကြီးဌာန၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

စားတော်ပဲတင်သွင်းခွန်ကို ပြန်လည်ကောက်ခံရန် ဆုံးဖြတ်ချက်က အိန္ဒိယစိုက်ပျိုးသူတွေကို ပိုမိုကောင်းမွန်သည့် ဈေးနှုန်းများ ရရှိစေရန် ကူညီပေးမည်ဖြစ်ပြီး လက်ရှိမှာ အစိုးရက သတ်မှတ်ထားသည့် အနိမ့်ဆုံးပံ့ပိုးဈေးနှုန်းများထက် လျော့နည်းသည့် နှုန်းထားများကိုသာ ရရှိနေသောကြောင့်ဖြစ်သည်။

သို့ဖြစ်၍ အိန္ဒိယအစိုးရ၏ စားတော်ပဲတင်သွင်းမှုကို အခွန် ၃၀ ရာခိုင်နှုန်းအထိ ပြန်လည် ကောက်ခံလိုက်သောကြောင့် မြန်မာနိုင်ငံမှ စားတော်ပဲ တင်ပို့သူတွေအနေဖြင့် ဈေးနှုန်းအရ ယှဉ်ပြိုင်နိုင်စွမ်း ကျဆင်းမှာ ဖြစ်ကြောင်း စီးပွားရေးသံမှူးက ပြောသည်။

သို့သော်လည်း အိန္ဒိယအစိုးရက ပဲတီစိမ်း၊ မတ်ပဲနှင့် ပဲစင်းငုံတို့ကို အနိမ့်ဆုံးပံ့ပိုးဈေးနှုန်း



(MSPs)ဖြင့် ဝယ်ယူပံ့ပိုးနေခြင်းက မြန်မာနိုင်ငံအတွက် အဆိုပါ ပဲအမျိုးအစားများ တင်ပို့မှုတည်ငြိမ်ရေးကို ဆက်လက်ထိန်းသိမ်းထားနိုင်မည့် အခွင့်အလမ်း ရှိနေဆဲဖြစ်ကြောင်း ပြောကြားသည်။

စားတော်ပဲကို စစ်ကိုင်းတိုင်းဒေသကြီးမှာ အများဆုံး စိုက်ပျိုးကြပြီး ရှမ်းပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးအပါအဝင် တစ်နိုင်ငံလုံးမှာ ဧကတစ်သိန်းကျော် စိုက်ပျိုးကာ တန်ချိန် ၅၅၀၀၀ခန့် ထွက်ရှိသည်။

ပြည်တွင်းစိုက် ပဲမျိုးစုံကို ပို့ကုန်ဈေးကွက်နိုင်ငံတွေထံ တင်ပို့မှုမှ နှစ်စဉ် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ဘီလီယံဝန်းကျင်အထိ ရရှိနေပြီး စိုက်ပျိုးထွက်ကုန်တင်ပို့မှုများအနက် နိုင်ငံခြားဝင်ငွေ ၃၈ ရာခိုင်နှုန်းအထိ ရှာဖွေပေးလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**

**၀-၀-၀-၀-၀**

## စစ်ကိုင်းပညာရေးတက္ကသိုလ်တွင် (၃၃)နှစ်မြောက် အထိမ်းအမှတ် သုတေသနစာတမ်းဖတ်ပွဲ ကျင်းပ

**စစ်ကိုင်း နိုဝင်ဘာ ၁၀**

စစ်ကိုင်းပညာရေးတက္ကသိုလ်၏ (၃၃)နှစ်မြောက် အထိမ်းအမှတ် သုတေသနစာတမ်းဖတ်ပွဲကို နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းက အဆိုပါတက္ကသိုလ်ရှိ ဘက်စုံသုံးခန်းမတွင် ကျင်းပရာ ခေတ္တပါမောက္ခချုပ် ဒေါက်တာအေးသက်သက်ဝင်း၊ ဒုတိယပါမောက္ခချုပ်များ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ပါမောက္ခဌာနမှူးများ၊ တက္ကသိုလ်၊ ကောလိပ်အသီးသီးမှ စာတမ်းရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ သုတေသနစာတမ်းဖတ်ပွဲအား စစ်ကိုင်းပညာရေးတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာအေးသက်သက်ဝင်းနှင့် ဒုတိယပါမောက္ခချုပ်များက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် စစ်ကိုင်းပညာရေးတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာအေးသက်သက်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး သုတေသနစာတမ်းဖတ်ပွဲကို ကျင်းပခဲ့သည်။

ယခုကျင်းပသော သုတေသနစာတမ်းဖတ်ပွဲသို့ ပညာရေး၊ ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ စာတမ်းရှင် ၁၃၇ ဦးတို့က ဖတ်ကြားကြမည်ဖြစ်ပြီး သုတေသနစာတမ်းဖတ်ပွဲကို စစ်ကိုင်းပညာရေးတက္ကသိုလ်တွင် သုံးရက်ကြာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**နေလင်းအောင်(ပြန်/ဆက်)**

# မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၁၀

မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီမှ တွဲဖက်အတွင်းရေးမှူး ဦးမောင်ဝင်းလှိုင်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၁၀ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြော တင်ပြခဲ့ပါသည်။

အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-



ချစ်ခင်လေးစားရပါသော မဲဆန္ဒရှင်ပြည်သူအပေါင်း ကျက်သရေမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံခညောင်းပြီး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့အတူ လိုအင်ဆန္ဒအားလုံး တစ်လုံးတစ်ဝတည်း ပြည့်ဝပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။

ကျွန်တော်ကတော့ မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီ၊ တွဲဖက်အတွင်းရေးမှူး ဦးမောင်ဝင်းလှိုင် ဖြစ်ပါတယ်။ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၂၈) ရက်နေ့တွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအပိုင်း(၁)မှာ ရခိုင်ပြည်နယ် စစ်တွေမြို့နယ် မဲဆန္ဒနယ်မှ ဝင်ရောက်ယှဉ်ပြိုင်မည့် မြို့တိုင်းရင်းသား ဖွံ့ဖြိုးရေးပါတီကိုယ်စားပြု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးလည်း ဖြစ်ပါတယ်။

**ချစ်ခင်လေးစားအပ်ပါသော မဲဆန္ဒရှင် ပြည်သူအပေါင်းတို့ခင်ဗျား-**

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)ခုနှစ်နှင့်အညီ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို စဉ်ဆက်မပြတ်ကျင်းပပြုလုပ်ပေးရမည့်တာဝန်မှာ နိုင်ငံတော်၏တာဝန်ဖြစ်ပါတယ်။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမှတစ်ဆင့် လွှတ်တော်အသီးသီး ပေါ်ပေါက်လာမှာဖြစ်ပါတယ်။ လွှတ်တော်အသီးသီးမှ အစိုးရအဖွဲ့အဆင့်ဆင့်ကို မွေးဖွားပေးရမှာဖြစ်ပါတယ်။

အစိုးရအဖွဲ့အဆင့်ဆင့်သည် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာ စသော အာဏာ(၃)ရပ်ကို လက်ကိုင်ထားလျက် လွှတ်တော်နှင့် ထိန်းညှိပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုကို တည်ဆောက်ရန်ဖြစ်ပါတယ်။ ဤကဲ့သို့ စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တည်ဆောက်ရာတွင် တိုင်းရင်းသားလူမျိုးများနှင့် ဖွဲ့စည်းထားသော ပါတီများ၏ အခန်းကဏ္ဍသည်လည်း အလွန်အရေးကြီးပါကြောင်း တွေ့ရမှာဖြစ်ပါတယ်။ ပါတီများ တည်ရှိနေမှသာ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်အောင်မြင်မြင်ကျင်းပနိုင်မှာဖြစ်သလို ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲရှိနေမှလည်း ပါတီများ ဝင်ရောက်ယှဉ်ပြိုင်ကြရမှာဖြစ်တဲ့အတွက် "ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ" အမှီသဟဲပြုနေကြတာ တွေ့ရမှာဖြစ်ပါတယ်။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှ ပြည်သူရွေးချယ်တင်မြှောက်ပေးသော လွှတ်တော်ကိုယ်စားလှယ်များမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များပီသရန် လိုအပ်သလို အလုံးစုံပါဝင်ရန်လည်း လိုအပ်ပါတယ်။ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ လူငယ်ကိုယ်စားလှယ်များ၊ အမျိုးသမီးကိုယ်စားလှယ်များအပြင် တိုင်းရင်းသားလူနည်းစုကိုယ်စားလှယ်များ ပါဝင်ရန်လည်း အထူးလိုအပ်ပါသည်။

အသိပညာရှင်၊ အတတ်ပညာရှင်များ တိုင်းပြုပြည်ပြုဥပဒေပြုပေးနိုင်ရန်ဖြစ်သလို လူငယ်ကိုယ်စားလှယ်များ အနာဂတ်စွန့်ဦးတီထွင်လူငယ်အရေး၊ ထက်မြက်သောလူငယ်များ ပေါ်ထွန်းရေးအခန်းကဏ္ဍ မြှင့်တင်ပေးနိုင်ရန်ဖြစ်ပါတယ်။ အမျိုးသမီးတန်းတူရေးနှင့် အမျိုးသမီးထိပ်တန်း ခေါင်းဆောင်နေရာရရှိရေးအတွက် အမျိုးသမီးကိုယ်စားလှယ် တိုးမြှင့်ပါဝင်လာနိုင်ရန် လိုအပ်ပါတယ်။ အခြေခံကျသောလူ့အဖွဲ့အစည်းမှ အခြေခံကျသောဒေသများအတွက် လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရေး အကောင်အထည်ဖော်ခြင်း၊ တိမ်မြုပ်နေသော ရိုးရာယဉ်ကျေးမှုထုံးတမ်းစဉ်လာ၊ စာပေ၊ အနုပညာများထိန်းသိမ်းခြင်း၊ ဖော်ထုတ်ခြင်း၊ အကောင်အထည်ဖော်ခြင်း စသည့်ကဏ္ဍများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန်မှာ တိုင်းရင်းသားလူနည်းစုကိုယ်စားလှယ်များသာ အဓိကအခန်းကဏ္ဍမှ ပါဝင်သင့်ပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်၌ တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ် တစ်ဦးတည်းနှင့် တိုင်းရင်းသားလူနည်းစု အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးကို ဖြေရှင်းရန် လက်လှမ်းမမီနိုင်ကြောင်းကို သတိပြုမိပါကြောင်း ထောက်ပြလိုပါတယ်။

**ချစ်ခင်လေးစားအပ်ပါသော မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ ခင်ဗျား-**

ယခုအခါ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို မဲပေးပုံစနစ်သစ်၊ ရွေးကောက်ပုံစနစ်သစ်များနှင့် စစ်မှန်ပြီးတရားမျှတသော အထွေထွေရွေးကောက်ပွဲ ကျင်းပပေးမည်ဟု ထုတ်ပြန်သည်ကို သိရှိပြီးဖြစ်ပါလိမ့်မယ်။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲစနစ်ကို ယခင်ပုံစံအတိုင်း မဲအများဆုံးရသူအကုန်ယူစနစ်ဖြင့်လည်းကောင်း၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲစနစ်တွင် မဲအများဆုံးရသူ အကုန်ယူစနစ် (FPTP) နှင့် အချိုးကျကိုယ်စားပြုစနစ်(PR)ကို ယှဉ်တွဲကျင်းပပေးသွားမှာဖြစ်တဲ့အတွက် တိုင်းရင်းသားမျိုးနွယ်စုများ၏ အခန်းကဏ္ဍတစ်ဆစ်ချိုး မြင့်မားလာမည်ဟု မျှော်လင့်ရပါတယ်။

**ချစ်ခင်လေးစားအပ်ပါသော မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ ခင်ဗျား-**

မြို့တိုင်းရင်းသားများအနေဖြင့် နိုင်ငံတော်အကျိုး၊ မိမိဒေသအကျိုး၊ မိမိတို့၏ရိုးရာယဉ်ကျေးမှုထုံးတမ်းစဉ်လာ၊ စာပေ၊ အနုပညာဆင်းသက်လာပုံသမိုင်း ထိန်းသိမ်းဖော်ထုတ်စာတမ်းပြုစုနိုင်ရေးကို ရည်ရွယ်၍ ၁၉၈၈ ခုနှစ်ကတည်းက "မြို့(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့(ပါတီ)" ကို တည်ထောင်လျှောက်ထားခဲ့ပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ၁၉၈၈ ခုနှစ်၊ ဒီဇင်ဘာ(၂၂) ရက်နေ့ရက်စွဲဖြင့် တရားဝင်နိုင်ငံရေးပါတီတစ်ခုအဖြစ် အသိအမှတ်ပြုခဲ့ပါတယ်။ မြို့(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့(ပါတီ)ကို ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ(၇)ရက်နေ့တွင် "မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ" ဟု အမည်ပြောင်းလဲခဲ့ပါတယ်။ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ မြောက်ဦးမြို့နယ်၊ ပေါက်တောမြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ဘူးသီးတောင် မြို့နယ်များကို ကိုယ်စားပြုသော ပါတီတစ်ပါတီအဖြစ် ရပ်တည်နေဆဲဖြစ်ပါတယ်။ ယခုအခါ ပါတီ သက်တမ်းမှာ (၃၇)နှစ် တိုင်ခဲ့ပြီဖြစ်ပါတယ်။



ဤပါတီသည် ၁၉၉၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် လွှတ်တော်အသီးသီး၌ ပါတီကိုယ်စားပြုပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ကျောက်တော် မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ရွေးချယ်ခံခဲ့ရပါတယ်။ ၁၉၉၂ ခုနှစ်၊ ဇွန်လတွင် သမ္မတအိမ်တော်ဝင်း(ရန်ကုန်)၌ ကျင်းပပြုလုပ်သော အမျိုးသားညီလာခံကျင်းပရေး အကြိုညှိနှိုင်းအစည်းအဝေးတွင် ပါတီဥက္ကဋ္ဌ တက်ရောက်အကြံပြုနိုင်ခဲ့ပါတယ်။ ဤပါတီမှ ၁၉၉၃ ခုနှစ်တွင် စတင်ကျင်းပသည့် အမျိုးသားညီလာခံကြီးတွင် ပါတီကိုယ်စားပြု(၅)ဦး တက်ရောက်ခဲ့ပြီး ညီလာခံပြီးဆုံးသည့်တိုင် ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲရာတွင် အုတ်တစ်ချပ် သဲတစ်ပွင့် ပါဝင်ခဲ့ပါတယ်။ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်ဖြတ်ရင်း နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးလုပ်ငန်းများ၊ အေးချမ်းသာယာရေးလုပ်ငန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် အားတက်သရော ပါဝင်ခဲ့ပါတယ်။

**ချစ်ခင်လေးစားအပ်ပါသော မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ ခင်ဗျား-**

ဤပါတီအနေဖြင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ(၂၈)ရက်နေ့ ကျင်းပပြုလုပ်မည့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင် စစ်တွေမဲဆန္ဒနယ်မှ ပါတီကိုယ်စားပြု ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်(၁)ဦး၊ ရခိုင်ပြည်နယ် မဲအများဆုံးရသူအကုန်ယူစနစ် (FPTP) စစ်တွေမဲဆန္ဒနယ်တွင် တစ်နေရာ၊ အချိုးကျ ကိုယ်စားပြုစနစ်(PR)တွင် (၂)နေရာ ပါဝင်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။

မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ၏ ပါတီအမှတ်တံဆိပ်မှာ "ငှက်တော်" ငှက် ဖြစ်ပါတယ်။ "ငှက်တော်"ငှက်ကို ပါတီအမှတ်တံဆိပ်အဖြစ် ရွေးချယ်ရခြင်းမှာ မြို့တိုင်းရင်းသားများ၏ ရှေးရိုးရာ ပုံပြင်အရ "ငှက်တော်" ငှက်သည် ဘေးအန္တရာယ်ကင်းရှင်းခြင်း၊ ခေါင်းဆောင်မှုပေးနိုင်ခြင်း၊ စည်းလုံးညီညွတ်ခြင်း၊ ရိုးသားခြင်း၊ သစ္စာရှိခြင်း၊ သီလသိက္ခာသမာဓိနှင့် ပြည့်စုံခြင်းများကို ဖော်ညွှန်းပါတယ်။

မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ၏ဆောင်ပုဒ်မှာ"တိုင်းရင်းသားအားလုံးနှင့် ချစ်ခင်ရင်းနှီးစွာ အတူယှဉ်တွဲနေထိုင်ရေး- ဒို့အရေး" ဖြစ်ပါတယ်။

ချစ်ခင်လေးစားအပ်ပါသော မဲဆန္ဒရှင်ပြည်သူအပေါင်း အေးချမ်းစွာ "မဲ"ပေးနိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

အားလုံးကို ကျေးဇူးတင်ပါတယ်။

## စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချီ

နေပြည်တော် နိုဝင်ဘာ ၁၀

ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက စာပေဗိမာန်စာမူဆု၊ စာပဒေသာ၊ ပထမဆုရ **"အန်ကယ်ပညာ"** ရေးသားသည့် **"မေမေ့ဆံပင်နှင့်ဘဝလက်တစ်ကမ်းမှ စာတမ်းငယ်များ"** စာအုပ်ကို ၂၀၂၅ ခုနှစ် နိုဝင်ဘာလ အသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များထံသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ စာတိုက်မှတစ်ဆင့် ပေးပို့လျက်ရှိသည်။

စာပေဗိမာန်စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး၊ စာပေဗိမာန်စာအုပ်အသင်း အမှတ် (၅၂၉/၅၃၁)ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၀၄၄၈ သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်

နေပြည်တော် နိုဝင်ဘာ ၁၀

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

မိုး/ဇလ

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်၍ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ မီဘပြည်သူများသို့ အသိပေးပြောကြားချက်

အားလုံးမင်္ဂလာပါခင်ဗျာ။ ဒီနေ့မှာတော့ ကျွန်တော်တို့နိုင်ငံမှာ မကြာမီကျင်းပတော့မယ့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနဲ့ ပတ်သက်ပြီး မိဘပြည်သူများကို အသိပေးပြောကြားလိုတာများကို အသိပေးပြောကြားသွားမှာဖြစ်ပါတယ်။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲရဲ့ ရွေးကောက်ပွဲအပိုင်း(၁) ကို အခုလာမယ့် ဒီဇင်ဘာလ ၂၈ ရက်နေ့မှာ စတင်ကျင်းပမှာဖြစ်ပါတယ်။ မိဘပြည်သူများလည်း အားလုံးသိရှိပြီးဖြစ်ပါတယ်။ ဒီနေ့ဆိုရင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပဖို့ ရက်ပေါင်း ၄၈ ရက်သာ လိုတော့တာဖြစ်ပါတယ်။ ရွေးကောက်ပွဲ အပိုင်း (၂) ကိုလည်း ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့မှာ ကျင်းပသွားမှာဖြစ်ပါတယ်။ ဒီလိုပဲ ရွေးကောက်ပွဲအပိုင်း (၃) ကိုလည်း ရွေးကောက်ပွဲ အပိုင်း (၂)ရဲ့ နှစ်ပတ်ခြားအကြာမှာ ကျင်းပသွားမှာ ဖြစ်ပါတယ်။ ရွေးကောက်ပွဲနဲ့ ပတ်သက်ပြီး တချို့မလိုလားသူတွေက မိဘပြည်သူများ ထင်ယောင်ထင်မှားဖြစ်အောင် အမျိုးမျိုး ပြောဆိုနေကြတာတွေ၊သွေးထိုးလှုံ့ဆော်ပေးနေတာကိုလည်း တွေ့ရှိနေရပါတယ်။ ဒါတွေနဲ့ ပတ်သက်ပြီး ပြည်သူများအသိအမြင်ရှင်းလင်းစေဖို့အတွက် ကျွန်တော် ပြောကြားသွားမှာဖြစ်ပါတယ်။



ကျွန်တော်တို့ နိုင်ငံမှာ ကိုယ့်ထီးကိုယ်နန်းနဲ့ နေထိုင်ခဲ့ရပြီး ဘုရင်စနစ်ကို ကျင့်သုံးခဲ့တဲ့အတွက် ရွေးကောက်ပွဲဆိုတာ မရှိခဲ့ပါဘူး။ ဒါပေမယ့် ကိုလိုနီခေတ်မှာတော့ မြန်မာနိုင်ငံသားတွေရဲ့ နိုင်ငံရေးအသိအမြင် တိုးတက်ပြောင်းလဲလာမှုနဲ့အတူ နယ်ချဲ့အင်္ဂလိပ်အစိုးရဟာ အုပ်ချုပ်ရေးစနစ်တွေကို တိုးမြှင့်ပြောင်းလဲပေးခဲ့ရပါတယ်။ ၁၉၂၀ ပြည့်နှစ်မှာ ဂျီစီဘီအေအသင်းကြီး ပေါ်ပေါက်လာပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့် (Home Rule) ကို တောင်းဆိုခဲ့ပါတယ်။ နယ်ချဲ့အင်္ဂလိပ်အစိုးရဟာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို တိုးမြှင့်မပေးဘဲ ဒိုင်အာခီ(Dyarchy)လို့ခေါ်တဲ့ နှစ်ဦးနှစ်ဖွဲ့အုပ်ချုပ်ရေးကို တိုးမြှင့်ဖော်ဆောင်ပေးခဲ့ပါတယ်။ ဒိုင်အာခီအုပ်ချုပ်ရေးစနစ်ကို အကောင်အထည်ဖော်တဲ့အခါ ဥပဒေပြုကောင်စီအတွက် ရွေးကောက်ပွဲကို ၁၉၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်နေ့မှာ ကျင်းပပေးခဲ့ပါတယ်။ ဒီရွေးကောက်ပွဲဟာ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ပထမဆုံးသော ရွေးကောက်ပွဲဖြစ်တယ်ဆိုတာ သမိုင်းမှတ်တမ်းတွေအရ လေ့လာတွေ့ရှိရပါတယ်။

မြန်မာနိုင်ငံမှာကျင်းပခဲ့တဲ့ ရွေးကောက်ပွဲတွေကို ပြန်ပြီး လေ့လာကြည့်ရင် ၁၉၂၂ ခုနှစ်ကနေ ၁၉၄၇ ခုနှစ်ထိ ရွေးကောက်ပွဲ ၆ ကြိမ်၊ ပါလီမန်ခေတ်(၁၉၄၈ ခုနှစ်ကနေ ၁၉၆၂ ခုနှစ်)မှာ ရွေးကောက်ပွဲ ၃ ကြိမ်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ် (၁၉၆၂ ခုနှစ်ကနေ ၁၉၈၈ ခုနှစ်) မှာ ရွေးကောက်ပွဲ ၄ ကြိမ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (၁၉၈၈-၂၀၁၀)မှာ ရွေးကောက်ပွဲ ၁ ကြိမ်၊ ဒီမိုကရေစီခေတ် (၂၀၁၀ ကနေ ယနေ့အထိ) ရွေးကောက်ပွဲ ၆ ကြိမ်၊ အဲ့မှာတော့ ရွေးကောက်ပွဲ ၃ကြိမ်နဲ့ ကြားဖြတ် ရွေးကောက်ပွဲ ၃ကြိမ်တို့ ဖြစ်ပါတယ်။ ဒါတွေဟာ ကျွန်တော်တို့နိုင်ငံသူ နိုင်ငံသားတွေဟာ ရွေးကောက်ပွဲ မဲရွေးချယ်မှုစနစ်နဲ့ မစိမ်းဘူး။ နီးစပ်မှုရှိတာကို ပေါ်လွင်စေပါတယ်။ နိုင်ငံတော်အစိုးရတွေက ရွေးကောက်ပွဲကို ကျင်းပပေးခဲ့ပြီး ခေတ်အဆက်ဆက်က နိုင်ငံသားတွေကလည်း မိမိတို့ရဲ့ အခွင့်အရေးကို အမိအရ အသုံးချပြီး မဲပေးရွေးချယ်မှုတွေကို ဆောင်ရွက်ခဲ့ကြတာဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ပြည်သူလူထု လိုလားတောင့်တတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နဲ့အညီ အကောင်အထည် ဖော်နေတာဖြစ်ပါတယ်။ ပါတီစုံဒီမိုကရေစီစနစ်အတွက် ပထမအကြိမ်ရွေးကောက်ပွဲကို ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့မှာ ကျင်းပခဲ့ပြီး ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့မှာ ပထမအကြိမ် လွှတ်တော်အစည်းအဝေးကို ကျင်းပနိုင်ခဲ့ပါတယ်။ ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကိုတော့ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့မှာ ကျင်းပခဲ့တယ်။ ဒုတိယအကြိမ်လွှတ်တော်အစည်းအဝေးကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှာ ကျင်းပခဲ့တာ ဖြစ်ပါတယ်။ တတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကိုတော့ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့မှာ ကျင်းပခဲ့ပါတယ်။ အဲ့ဒီရွေးကောက်ပွဲမှာ မဲမသမာမှုများစွာ ဖြစ်ပွားခဲ့ပါတယ်။ အဲဒီတုန်းက ရွေးကောက်ပွဲကော်မရှင်ရဲ့ တရားဝင်ထုတ်ပြန်ချက်အရ မဲပေးပိုင်ခွင့်ရှိသူဟာ ၃၈ သန်း ခန့်ရှိပါတယ်။ မဲမသမာမှုဖြစ်နိုင်ကြောင်းတွေ့ရှိခဲ့တဲ့ အရေအတွက်ကတော့ ၁၀.၄ သန်းခန့်ဖြစ်ပါတယ်။တစ်ထောင်လည်းမဟုတ်သလို တစ်သောင်းလည်းမဟုတ်ပါဘူး။ ဒီလိုပဲ တစ်သိန်းလည်းမဟုတ်သလို တစ်သန်းလည်းမဟုတ်ပါဘူး၊ ဆယ်သန်းကျော်ဖြစ်ပါတယ်။ ဒါဟာ မဲပေးပိုင်ခွင့်ရှိတဲ့သူတွေရဲ့ လေးပုံတစ်ပုံခန့် ဖြစ်ပါတယ်။ ဒီမဲမသမာမှုတွေအတွက် နိုင်ငံရေးပါတီတွေနဲ့တပ်မတော်ဟာ ပထမအဆင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ကို ဥပဒေလုပ်ထုံးလုပ်နည်းတွေနဲ့အညီ ဖြေရှင်းပေးဖို့ ပြောခဲ့ပါတယ်။ ဒါကိုငြင်းဆန်တဲ့အတွက် ဒုတိယအဆင့် ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေးခေါ်ပေးဖို့ နည်းစနစ်တကျ တောင်းဆိုတာကိုလည်း ထပ်မံငြင်းဆန်ခဲ့ပါတယ်။ တတိယအဆင့် အစိုးရ၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တစ်ခုခုက နည်းလမ်းရှာဖြေရှင်းပေးဖို့ ထပ်မံတောင်းဆိုတော့လည်း ငြင်းဆန်ခဲ့ပါတယ်။ ဒီအဆင့်တွေအားလုံးပြီးတော့ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေးခေါ်ပေးဖို့ နှစ်ကြိမ်တိုင်တိုင် တောင်းဆိုခဲ့တာမှာလည်း ဖြေရှင်းဆောင်ရွက်ပေးခဲ့ခြင်းမရှိပါဘူး။ ဒီလိုဖြေရှင်းမပေးဘဲ တတိယအကြိမ် လွှတ်တော်ခေါ်ယူကျင်းပပြီး အစိုးရဖွဲ့ဖို့ အတင်းအဓမ္မ ဆောင်ရွက်ခဲ့တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှာ တပ်မတော်က နိုင်ငံတော်ရဲ့တာဝန်အရပ်ရပ်ကို ရယူခဲ့ရတာဖြစ်ပါတယ်။ ဒါတွေဘာကြောင့်ပြန်ပြောနေရသလဲဆိုတော့ ဒီဖြစ်စဉ်တွေမှာ ဘယ်သူတွေက ဥပဒေနဲ့အညီ တရားနည်းလမ်းတကျ တောင်းဆိုခဲ့တယ်၊ ဘယ်သူတွေက ဥပဒေကို လျစ်လျူရှုမျက်ကွယ်ပြုခဲ့သလဲဆိုတာကို သမိုင်းကျေစေချင်လို့ ပြန်လည်ပြောပေးရခြင်းဖြစ်ပါတယ်။ ဒီဖြစ်စဉ်တွေမှာ ကျွန်တော်ကိုယ်တိုင်လည်း တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့အနေနဲ့ သတင်းစာရှင်းလင်းပွဲတွေ အကြိမ်ကြိမ်ပြုလုပ်ခဲ့တယ်။ နိုင်ငံတကာမီဒီယာတွေရဲ့ ရှေ့မှာပဲ အထောက်အထားခိုင်လုံစွာနဲ့ ပြောပြခဲ့တယ်။ အထောက်အထားခိုင်လုံစွာနဲ့ သက်သေပြခဲ့ပြီးဖြစ်ပါတယ်။ မဲမသမာမှုဖြစ်ခဲ့တာကို တရားနည်းလမ်းတကျ ဖြေရှင်းမပေးဘဲ နိုင်ငံတော်အာဏာကို အဓမ္မနည်းနဲ့ ရယူဖို့ကြိုးစားခဲ့တဲ့ NLD အစိုးရနဲ့ သူတို့ဖွဲ့စည်းပေးထားတဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့ကသာ ပြည်သူလူထုတစ်ရပ်လုံးနဲ့ နိုင်ငံတော်ရဲ့ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ် လျှောက်လှမ်းမှုကို ရည်ရွယ်ချက်ရှိရှိ ဖျက်ဆီးခဲ့ခြင်းသာ ဖြစ်ပါတယ်။ ပြည်သူတွေလိုလားတောင့်တခဲ့တဲ့၊ ဒီလိုဖျက်ဆီးခံရတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ကျွန်တော်တို့က နည်းစနစ်ကျစွာ ပြန်လည်တည်ဆောက်ပေးနေခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့ကျင့်သုံးတဲ့ ဒီမိုကရေစီစနစ်အရ မိမိကိုယ်စားဆောင်ရွက်မယ့် လွှတ်တော်ကိုယ်စားလှယ်တွေကိုပြည်သူလူထုက ရွေးကောက်တင်မြှောက်ပေးရတာ ဖြစ်ပါတယ်။ ယခုကျင်းပမယ့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှာ မဲပေးပိုင်ခွင့်ရှိတဲ့ နိုင်ငံသားတိုင်းကိုလည်း မဲပေးကြပါလို့ အလေးအနက်ထား တိုက်တွန်းပြောကြားလိုပါတယ်။ ဘာလို့လဲဆိုတော့ ရွေးကောက်ပွဲဆိုတာ ပြည်သူ့အသံကို နားထောင်၊ ပြည်သူတွေရဲ့ ကောင်းကျိုးဆန္ဒကို ဖြည့်ဆည်းပေးနိုင်တဲ့ အမြန်ဆုံးသော ယန္တရားစနစ်တစ်ခုဖြစ်ပါတယ်။ ကျွန်တော် ထပ်ပြောပါမယ်။ ရွေးကောက်ပွဲဆိုတာ ပြည်သူ့အသံကို နားထောင်၊ ပြည်သူတွေရဲ့ ကောင်းကျိုးဆန္ဒကို ဖြည့်ဆည်းပေးနိုင်တဲ့ အမြန်ဆုံးသော ယန္တရားစနစ်တစ်ခုဖြစ်ပါတယ်။ ဒီရွေးကောက်ပွဲမှာ ပြည်သူလူထုအနေနဲ့ ကိုယ်နဲ့အမြင်တူတဲ့သူတွေ၊ ကိုယ်ဖြစ်လိုတဲ့ဆန္ဒကို ထပ်တူ သို့မဟုတ် အနီးစပ်ဆုံးဖြည့်ဆည်းပေးနိုင်တဲ့သူတွေ၊ နိုင်ငံတော်ရဲ့ အကျိုးစီးပွား၊ ပြည်သူလူထုရဲ့ အကျိုးစီးပွားကို ကိုယ်စားပြုဖော်ဆောင်ပေးနိုင်တဲ့သူတွေကို ကိုယ်တိုင်ရှာဖွေရွေးချယ်ခွင့် ရရှိမှာဖြစ်ပါတယ်။ ကိုယ်ရွေးချယ်ပေးလိုက်တဲ့ ရွေးကောက်ခံကိုယ်စားလှယ်ဟာ ကိုယ့်အပေါ်၊ ကိုယ့်ဒေသအပေါ် တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်ရှိနေစေဖို့ စောင့်ကြည့်ထိန်းသိမ်းနိုင်မှာဖြစ်ပါတယ်။ ရွေးကောက်ပွဲမှာ မဲပေးသူများလေလေ ရွေးကောက်ခံကိုယ်စားလှယ်တစ်ဦးဟာ ပိုပြီး တာဝန်ရှိလေလေ ဖြစ်ပါတယ်။ ကိုယ်ဖြစ်ချင်တာ၊ ကိုယ်လိုအပ်တာကအစပြုလို့ ကိုယ့်ပတ်ဝန်းကျင်၊ ကိုယ့်မြို့၊ ကိုယ့်ရွာ၊ ကိုယ့်ဒေသ တိုးတက်ဖွံ့ဖြိုးရေးကောင်းကျိုးလိုရာဆန္ဒတွေ၊ ဖြစ်သင့်ဖြစ်ထိုက်တဲ့ဆန္ဒတွေကို ကိုယ်ရွေးချယ်ထားတဲ့ ကိုယ်စားလှယ်ကတစ်ဆင့် အစိုးရဆီကိုတောင်းဆိုနိုင်ခွင့် ရရှိမှာဖြစ်ပါတယ်။ ဒီအခွင့်အရေးကို မိဘပြည်သူအားလုံးက လက်လွှတ် ဆုံးရှုံးမခံကြဖို့လည်း ပြောလိုပါတယ်။ ဒီနေရာမှာ ရွေးကောက်ပွဲနဲ့ ပတ်သက်ပြီး နိုင်ငံတကာ အသိအမှတ်ပြုမှုဆိုတာနဲ့ ပတ်သက်ပြီး ကျွန်တော်ပြောလိုပါတယ်။

၂၀၂၄ ခုနှစ်က ကမ္ဘာတစ်ဝန်းမှာကျင်းပခဲ့တဲ့ ရွေးကောက်ပွဲများမှာ တည်ဆဲအစိုးရတွေအပေါ် နိုင်ငံတကာက ဝင်ရောက်စွက်ဖက်မှုတွေပါဝင်တဲ့ အတင်းအကျပ်ပြုလုပ်မှု ဖြစ်စဉ်များကိုလည်း ကျွန်တော်တို့ တွေ့မြင်နိုင်ပါတယ်။ နိုင်ငံတကာ ဒီမိုကရေစီနဲ့ ရွေးကောက်ပွဲအထောက်အကူပြုအဖွဲ့ရဲ့ ဝက်ဘ်ဆိုက်မှာ ရွေးကောက်ပွဲဆိုင်ရာ နှစ်စဉ်အစီရင်ခံစာအရ ကမ္ဘာတစ်ဝန်းလုံးမှာ ကျင်းပပြုလုပ်ခဲ့တဲ့ရွေးကောက်ပွဲ ၇၄ ခု အနက် ၂၂ ခုသာ တည်ငြိမ်စွာ ကျင်းပနိုင်ခဲ့တာကိုတွေ့ရပါတယ်။ ကျန်တဲ့ရွေးကောက်ပွဲတွေမှာတော့ သပိတ်မှောက်တာတွေ၊ ရလဒ်အငြင်းပွားတာတွေ၊ ဆန္ဒပြတာတွေနဲ့ အကြမ်းဖက်မှုတချို့တောင်မှ ဖြစ်ပွားခဲ့ပါတယ်။ နိုင်ငံတကာရဲ့ ဝေဖန်မှု၊ ဝင်ရောက်စွက်ဖက်မှုတွေကိုလည်း တွေ့ရပါတယ်။ ရွေးကောက်ပွဲတစ်ခုကို သမာသမတ်ရှိစွာ ကျင်းပနိုင်ခြင်းဟာ သက်ဆိုင်ရာနိုင်ငံများရဲ့ နိုင်ငံရေးရေချိန်နဲ့သာသက်ဆိုင်ပြီး ကမ္ဘာတစ်ဝန်းလုံးမှာရှိတဲ့ ဒီမိုကရေစီ ရင့်သန်ပါတယ်ဆိုတဲ့ နိုင်ငံများတောင်မှ ရွေးကောက်ပွဲဆိုင်ရာ ရလဒ်များနဲ့ ပတ်သက်ပြီး ဝေဖန်ခံရမှု၊ စိန်ခေါ်မှုများနဲ့ ရင်ဆိုင်ရလေ့ရှိတတ်ကြပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ သမိုင်းကြောင်းအရဖြစ်စေ၊ နိုင်ငံရေးမူအရဖြစ်စေ အချုပ်အခြာအာဏာပိုင်ပြီး လွတ်လပ်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ အချုပ်အခြာအာဏာဟာ မြန်မာနိုင်ငံသားများထံမှ ဆင်းသက်ပြီး မြန်မာနိုင်ငံတော်တစ်ဝန်းလုံးမှာ တည်ပါတယ်။ ပြီးတော့ နိုင်ငံတော်ရဲ့ နိုင်ငံခြားရေးမူဝါဒဟာ လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်တဲ့ဝါဒကို ကျင့်သုံးနေတာဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ ဘယ်တုန်းကမှ၊ နောင်လည်း ဘယ်တော့မှ သူများတိုင်းပြည်ရဲ့ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်မှာ မဟုတ်ပါဘူး။ ဒီလိုပါပဲ... ကျွန်တော်တို့နိုင်ငံရဲ့ ပြည်တွင်းရေး၊ ကိုယ့်နိုင်ငံ၊ ကိုယ့်သမိုင်းကြောင်းနဲ့အညီ ဆောင်ရွက်ကြရတဲ့ ရွေးကောက်ပွဲလုပ်ငန်းစဉ်တွေဟာ ကျွန်တော်တို့နိုင်ငံရဲ့ ပြည်တွင်းရေးသက်သက်၊ ကျွန်တော်တို့နိုင်ငံ ပြည်သူတွေရဲ့ အရေးသက်သက်သာဖြစ်ပါတယ်။ တိုင်းတစ်ပါးနိုင်ငံများရဲ့ သြဇာအာဏာနဲ့ မည်သည့်ဝင်ရောက်စွက်ဖက်မှုကိုမှ ကျွန်တော်တို့နိုင်ငံရဲ့ ရွေးကောက်ပွဲအောင်မြင်အောင် ကျင်းပရေး ခရီးလမ်းကို ပျက်ပြားအောင်၊ ပြောင်းလဲအောင် လုပ်လို့မရဘူးဆိုတာ ရှင်းရှင်းလင်းလင်း ပြောကြားလိုပါတယ်။ ကျွန်တော်တို့ဟာ မြန်မာနိုင်ငံသားတွေဖြစ်ပါတယ်၊ မြန်မာနိုင်ငံသားတွေရဲ့ အနာဂတ်ကို မြန်မာနိုင်ငံသားတွေကပဲ ဖန်တီးပိုင်ခွင့်ရှိပါတယ်။ မြန်မာ့အရေးကို ရွေးကောက်ပွဲမဲပေးတဲ့ ကျွန်တော်တို့ နိုင်ငံသားတွေကပဲ အသိအမှတ်ပြုဆုံးဖြတ်ရပါမယ်။ ဒါဆိုရင် လုံလောက်နေပြီ ဖြစ်ပါတယ်။

*စာမျက်နှာ ၈ သို့*

စာမျက်နှာ ၇ မှ

မြန်မာနိုင်ငံမှာ လွတ်လပ်ပြီး တရားမျှတတဲ့ အထွေထွေရွေးကောက်ပွဲကို ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ဦးဆောင်ပြီး ကျင်းပပေးသွားမှာဖြစ်ပါတယ်။ အခုကျင်းပမယ့် ရွေးကောက်ပွဲမှာ နိုင်ငံရေးပါတီပေါင်း ၅၇ ပါတီနဲ့ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်း ၉၅ ဦးတို့ စုစုပေါင်းကိုယ်စားလှယ်လောင်း ၅၀၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်။ အခုကျင်းပတဲ့ ရွေးကောက်ပွဲမှာ တိုင်းရင်းသားများနဲ့ လူထုလူတန်းစားအလွှာများကို ကိုယ်စားပြုတဲ့သူတွေ လွှတ်တော်ထဲမှာ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်လာစေဖို့အတွက် ပြည်သူ့လွှတ်တော်ကို FPTP စနစ်၊ အမျိုးသားလွှတ်တော်နဲ့ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်ကို ရောနှောထားတဲ့ ကိုယ်စားလှယ်အချိုးကျစနစ်(MMP)တို့ကို အသုံးပြုဆောင်ရွက်သွားမှာ ဖြစ်တယ်။ မြန်မာနိုင်ငံရဲ့ ရွေးကောက်ပွဲအပေါ် ကွဲပြားခြားနားတဲ့ နိုင်ငံတကာ တုံ့ပြန်မှုများရှိနေသော်လည်း မိတ်ဖက်နိုင်ငံများရဲ့ ထောက်ခံမှုများကတော့ အခိုင်အမာ ရရှိထားပြီး ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ရွေးကောက်ပွဲလုပ်ငန်းစဉ်များကိုလည်း အားလုံးက အသိအမှတ်ပြုပြီးဖြစ်ပါတယ်။ ကိုယ့်နိုင်ငံရဲ့ ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို လိပ်ပြာလုံစွာ ဆောင်ရွက်ထားတဲ့အတွက် မြန်မာနိုင်ငံရဲ့ မိတ်ဖက်နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အခြားနိုင်ငံများကိုပါ ကျွန်တော်တို့ရဲ့ ပွင့်လင်းမြင်သာတဲ့ ရွေးကောက်ပွဲလုပ်ငန်းစဉ်တွေကို လာရောက်ကြည့်ရှုလေ့လာဖို့ ဖိတ်ခေါ်ထားပြီးဖြစ်ပါတယ်။ ထို့အတူပဲ ပြည်တွင်းပြည်ပ နိုင်ငံတကာမီဒီယာများကိုလည်း ဖိတ်ခေါ်ထားပြီး ဖြစ်ပါတယ်။ မဲမသမာမှုများ မရှိစေဖို့ ခေတ်မီနည်းပညာသုံး MEVM စက်များကိုလည်း အသုံးပြုထားတာဖြစ်ပါတယ်။ ဒါ့ကြောင့် ရွေးကောက်ပွဲက ထွက်ပေါ်လာတဲ့ လွှတ်တော်ဟာ ဂုဏ်သိက္ခာရှိတဲ့ လွှတ်တော်တစ်ရပ်ဖြစ်ကြောင်း ကမ္ဘာကို ချပြနိုင်မှာဖြစ်ပါတယ်။

စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာပြီး ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရေးဆိုတဲ့ နိုင်ငံရေးရည်မှန်းချက်အရွေ့တစ်ခုဟာ အစိုးရ၊ ပြည်သူ၊ တပ်မတော်၊ သက်ဆိုင်ရာအဖွဲ့အစည်းများ ပြိုင်တူပိုင်းပြီး တွန်းကြရင်ဖြင့် ပန်းတိုင်ကို မှန်မှန်နဲ့မြန်မြန် ရောက်ရှိနိုင်မှာဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီနှစ် ဒီဇင်ဘာလနဲ့ နောက်နှစ် ဇန်နဝါရီလအတွင်းမှာ ကျင်းပမယ့် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး အောင်အောင်မြင်မြင်ပြီးမြောက်စေဖို့အတွက်၊ ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ပြီး ဆန္ဒမဲပေးကြပါစို့လို့ ပြောကြားလိုပါတယ်။ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ မုချအောင်မြင်ရပါမယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

# တတိယအကြိမ် မြန်မာ-ရုရှား နှစ်နိုင်ငံ ရေကြောင်းလုံခြုံရေးဆိုင်ရာလေ့ကျင့်ခန်းဆောင်ရွက်ရန်နှင့် ချစ်ကြည်ရေးခရီး လည်ပတ်ရန် ရုရှားရေတပ် Pacific Fleet မှ စစ်ရေယာဉ်သုံးစင်း ရန်ကုန်မြို့သို့ရောက်ရှိ



နေပြည်တော် နိုဝင်ဘာ ၁၀

ရုရှားရေတပ် Pacific Fleet မှ ဖရီဂိတ်စစ်ရေယာဉ် Marshal Shaposhnikov ၊ ကော်ဗက်စစ်ရေယာဉ် Gremyashchiy နှင့် ထောက်ပံ့ရေးရေယာဉ် Boris Butoma တို့သည် မြန်မာနိုင်ငံသို့ တတိယအကြိမ် မြန်မာ – ရုရှား နှစ်နိုင်ငံ ရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်း ဆောင်ရွက်ရန်နှင့် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ ရောက်ရှိလာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် ရုရှားရေတပ်မှ ဒုတိယရေတပ်ဦးစီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး Aleksei Anatolievich Kiiashko ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားစစ်သံမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**ဆောင်ရွက်သွားမည်**

အဆိုပါ စစ်ရေယာဉ်များတွင် အဖွဲ့ခေါင်းဆောင်အဖြစ် ရုရှားရေတပ် Pacific Fleet မှ Captain 1st Rank Ulyanenko Aleksey ဦးစီး၍ အရာရှိ၊ စစ်သည်များ လိုက်ပါလာပြီး ခရီးစဉ်အတွင်း ရန်ကုန်မြို့ရှိအထင်ကရနေရာများသို့ သွားရောက်လေ့လာလည်ပတ်ခြင်း၊ နှစ်နိုင်ငံ ချစ်ကြည်ရေး အားကစားပြိုင်ပွဲများ ပြုလုပ်ခြင်းနှင့် ဆိပ်ကမ်းအခြေပြုလေ့ကျင့်ခန်း (Harbour Phase) များ ပြုလုပ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို ပျက်ပြားစေရန်ရည်ရွယ်၍ နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း ပြုလုပ်သူများအား အရေးယူ

နေပြည်တော် နိုဝင်ဘာ ၁၀

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပမှုကို ပျက်ပြားစေရန် ရည်ရွယ်၍ လူမှုကွန်ရက်စာမျက်နှာများ၊ အများပြည်သူဆိုင်ရာ နေရာများ၌ ဟောပြောခြင်း၊ ပြောဆိုခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ ဆန္ဒပြခြင်း၊ စာရေးသားခြင်း၊ ရုပ်ပုံပိုစတာများ ချိတ်ဆွဲခြင်း စသည်တို့ဖြင့် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းများ၊ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များအား ထိခိုက်ပျက်စီးအောင် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း ပြုလုပ်သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားခြင်းမှ ကာကွယ်ပေးရေး ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၅ ရက်တွင် မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ကွမ်ရိုက်ကျေးရွာအုပ်ချုပ်ရေးမှူးရုံးအနီး၌ စိုက်ထူထားသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းဆိုင်းဘုတ်အား အဆိုပါကျေးရွာနေ ကျော်မြင့် (၆၅)နှစ်မှ ဖျက်ဆီးခဲ့သဖြင့် ကျော်မြင့်အား ချောင်းဆုံမြို့မရဲစခန်း၌ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၆(က)/၂၄(က) ဖြင့် အမှုဖွင့်ဖမ်းဆီးပြီး ထိရောက်ပြစ်ဒဏ်ရရှိရေး ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အောက်တိုဘာ ၃၁ ရက်တွင် မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ပေါင်းနားရပ်ကွက်နေ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ အဖွဲ့ဝင်(၁) ဦးသက်ဝေထွန်းသည် စလင်းမြို့မှ ဆင်ဖြူကျွန်းမြို့သို့ ဆိုင်ကယ်ဖြင့်သွားစဉ် ဆုတ်လေဦးလမ်းဆုံအရောက်၌ PDF အမည်ခံ အကြမ်းဖက်သမားများက ဖမ်းဆီးခေါ်ဆောင်သွားခဲ့သဖြင့် အဆိုပါ PDF အမည်ခံအကြမ်းဖက်သမားများအား နိုဝင်ဘာ ၃ ရက်တွင် ဆင်ဖြူကျွန်းနယ်မြေရဲစခန်း (ပ)၁၃/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(ခ)ဖြင့် လည်းကောင်း။

အလားတူ နိုဝင်ဘာ ၄ ရက်တွင် Facebook လူမှုကွန်ရက်စာမျက်နှာပေါ်၌ ရွေးကောက်ပွဲအကျိုးပြုပညာပေးဓာတ်လမ်းတိုနှင့် ပတ်သက်၍ ပြည်သူလူထု အထင်အမြင်လွဲမှားစေရန် ဆန့်ကျင်လှုံ့ဆော်သည့် စာသားများရေးသားဖြန့်ဝေခဲ့သည့် “Daw Yamone Oo” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ပုလဲကျေးရွာနေ ယမုံဦး (၃၀)နှစ်အား သုံးခွမြို့မရဲစခန်း (ပ) ၁၃၈/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က) ဖြင့် လည်းကောင်း။

ထို့ပြင် နိုဝင်ဘာ ၅ ရက်တွင် ကေအင်န်ယူ၊ ကရင်အမျိုးသားအစည်းအရုံး၊ ဒူးသထူခရိုင်မှ ဒီဇင်ဘာလတွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအား တိုက်ဖျက်သွားရန် ကြေညာချက်ထုတ်ပြန်ခဲ့သဖြင့် ကေအင်န်ယူ၊ ကရင်အမျိုးသားအစည်းအရုံး၊ ဒူးသထူခရိုင်ဥက္ကဋ္ဌ ပဒိုစောမြင့်ပါ ၂၂ ဦးတို့အား သထုံမြို့နယ် သိမ်ဆိပ်နယ်မြေရဲစခန်း (ပ)၁၅၄/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(ခ)ဖြင့်လည်းကောင်း။

အလားတူ နိုဝင်ဘာ ၄ ရက်တွင် Facebook လူမှုကွန်ရက်စာမျက်နှာပေါ်၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြည်သူလူထု အထင်အမြင်လွဲမှားစေရန် ဆန့်ကျင်လှုံ့ဆော်သည့် စာသားများရေးသားဖြန့်ဝေခဲ့သူ “Khin Ma” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်နေ ဒေါက်တာခင်မအား နိုဝင်ဘာ ၅ ရက်တွင် မရမ်းကုန်း မြို့မရဲစခန်း (ပ) ၁၆၆/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က) ဖြင့်လည်းကောင်း။

အလားတူ နိုဝင်ဘာ ၆ ရက်တွင် “AAMIJ News” Facebook Page မှ Facebook လူမှုကွန်ရက်စာမျက်နှာပေါ်၌ ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်မည့် ပြည်ခိုင်ဖြိုးပါတီမှ ဦးအောင်စိုးအား မဲဆွယ်စည်းရုံးခြင်းမပြုနိုင်စေရန် ပြည်သူလူထုမှ အထင်အမြင်လွဲမှားစေမည့် စာသားများအား နှောင့်ယှက်ရေးသား ဖြန့်ဝေခဲ့သဖြင့် “AAMIJ News” Facebook Page မှ တာဝန်ရှိသူများအား နိုဝင်ဘာ ၇ ရက်တွင် အလုံမြို့မရဲစခန်း(ပ)၂၆၆/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က) ဖြင့်လည်းကောင်း အမှုရေးဖွင့်ကာ ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# အာရှအမျိုးသမီးချန်ပီယံလိဂ်ဖလား အုပ်စု(ဂ)ပွဲစဉ်ကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် နိုဝင်ဘာ ၁၀

၂၀၂၅- ၂၀၂၆ ခုနှစ် အာရှအမျိုးသမီးချန်ပီယံလိဂ်ဖလား အုပ်စု(ဂ) ပွဲစဉ်များကို ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ နိုဝင်ဘာ ၉ ရက်မှ ၁၅ ရက်အထိ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိရာ နိုဝင်ဘာ ၁၂ ရက် ညနေ ၃ နာရီတွင် မြန်မာအမျိုးသမီးကလပ် အား/ကာသိပ္ပံ(ISPE)အသင်းနှင့် ဂျပန်ကလပ် တိုကျိုဗာဒီ ဗီလီဇီကလပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်ကို ယင်းနေ့ညနေ ၂ နာရီ ၄၅ မိနစ်မှ စတင်၍ MRTV HD Channel၊ MRTV Entertainment Channelနှင့် မြန်မာ့အသံရေဒီယို၊ MRTV App၊ MRTV Radio App အပါအဝင် Online Media တို့မှလည်း တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည် ဖြစ်သည်။

သတင်းစဉ်

## မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်း ဆောင်ရွက်

**တောင်တွင်းကြီး နိုဝင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်ဦးစီးမှူး ဦးစောမောင် ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များသည် "သင်း" ပဲကြော်၊ ပဲလှော်နှင့် အကြော်စုံ လုပ်ငန်းပိုင်ရှင်နှင့် အလုပ်သမားများအား ယနေ့ နံနက် ၇ နာရီခွဲက မီးဘေးကြိုတင်ကာကွယ်ရေးဟောပြောခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်း ဆောင်ရွက်ခဲ့သည်။



အဆိုပါ ဟောပြောပွဲတွင် တောင်တွင်းကြီးမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်ဦးစီးမှူးက မီးဘေးလုံခြုံကာကွယ်ရေး အသိပညာပေးရခြင်း ရည်ရွယ်ချက်များ၊ မီးလောင်မှု အခြေခံသဘောတရားများ၊ မီးငြိမ်းသတ်ခြင်းစနစ်များ၊ မီးအတန်းအစားခွဲခြားခြင်းများ၊ လျှပ်စစ်မီးလောင်မှုဖြစ်စေသည့် အဓိကအကြောင်းအရင်းများ၊ လျှပ်စစ်ဝါယာရှော့မဖြစ်အောင် ကာကွယ်ရမည့် နည်းလမ်းများ၊ မီးကို မပေါ့ဆကြရန်နှင့် မီးလောင်ပါက ပစ္စည်းဆုံးရှုံးမှုသာမက အသက်အိုးအိမ်များပါ ပျက်စီးဆုံးရှုံးတတ်ကြောင်းကို ရှင်းလင်းဟောပြောခဲ့သည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက "သင်း" ပဲကြော်၊ ပဲလှော် လုပ်ငန်းအတွင်းရှိ မီးဘေးလုံခြုံရေးအတွက် ဆောင်ရွက်ထားရှိသော မီးငြိမ်းသတ်ရေးပစ္စည်းများ ပြည့်စုံကောင်းမွန်မှု ရှိ၊ မရှိ၊ မီးလောင်လွယ်စေသော လောင်စာများ ရှိ၊ မရှိ၊ ပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်မှု ရှိ၊ မရှိ၊ တပ်ဆင်ထားရှိသော လျှပ်စစ်မီးလိုင်းများ ကြံ့ခိုင်ကောင်းမွန်မှု ရှိ၊ မရှိ တို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(ဓာတ်ပုံ)

နောင်နောင်(မိဿနီးမြေ)

၀-၀-၀-၀-၀-၀-၀



## ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသား တစ်ဦးနှင့် အမျိုးသမီး တစ်ဦးတို့ ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် နိုဝင်ဘာ ၁၀**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသား တစ်ဦးနှင့် အမျိုးသမီး တစ်ဦးတို့ ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

ဖြစ်စဉ်မှာ နိုဝင်ဘာ ၇ ရက် မွန်းလွဲ ၃ နာရီ ၄၅ မိနစ်တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၂၁၄ မိုင် ၆ ဖာလုံနှင့် ၇ ဖာလုံကြား၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ပန်းတင်အမြန်လမ်းမကြီးရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ သစ်တောရပ်ကွက်နေ ဦးညီညီ(၇၄)နှစ် မောင်းနှင်ပြီး တစ်ရပ်ကွက်တည်းနေ ဒေါ်မြင့်မြင့်ခင်(၇၂)နှစ်နှင့် ဒေါ်ခင်မာဝင်း(၄၃)နှစ်တို့ လိုက်ပါလာသည့် YGN-33/5D---- TOYOTA LANDCRUI-SER မော်တော်ယာဉ်သည် ရန်ကုန်မှ မန္တလေးဘက်သို့ မောင်းနှင်လာစဉ် အခင်းဖြစ်နေရာအရောက်၌ ယာဉ်ဝဲဘက်နောက်ဘီးပေါက်၍ အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်ရှိ ကွန်ကရစ်ဘယ်ရီယာတုံးအား ဝင်ရောက်တိုက်မိခဲ့သဖြင့် ဦးညီညီနှင့် ဒေါ်မြင့်မြင့်ခင်တို့တွင် ထိခိုက်ဒဏ်ရာများ အသီးသီးရရှိခဲ့သောကြောင့် ဦးညီညီအား ပန်းတင်အမြန်လမ်းမကြီး ရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## တရားမဝင်လုပ်ငန်းသုံးပစ္စည်းများ၊ လိုင်စင်မဲ့ဆိုင်ကယ်များ၊ လိုင်စင်မဲ့ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၁၀**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှု များ ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၅ ရက်၊ ၆ ရက်နှင့် ၇ ရက်တို့တွင် စစ်ကိုင်းမြို့နယ်အတွင်း၌ လိုင်စင်မဲ့ယာဉ်နှစ်စီးနှင့် လိုင်စင်မဲ့ ဆိုင်ကယ် ကိုးစီးကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၇ ရက်တွင် ရတနာပုံတံတားစစ်ဆေးရေးဂိတ်၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းခြောက်မျိုး၊ အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck နှစ်စီးကို သိမ်းဆည်းရမိခဲ့ပြီး



အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



## ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားနှစ်ဦး သေဆုံး

**တောင်ကြီး နိုဝင်ဘာ ၁၀**

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားနှစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၈ ရက် နံနက် ၅ နာရီတွင် တောင်ကြီးမြို့နယ်၊ ရွှေညောင်မြို့၊ ရွှေညောင်-တောင်ကြီးသွားကားလမ်း ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ မိုင်တိုင်အမှတ် ၁၀၆ မိုင် ၄ ဖာလုံနှင့် ၅ ဖာလုံကြား၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်းသတင်းအရ အေးသာယာယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ တောင်ကြီးမြို့မှ ရွှေညောင်မြို့သို့ ကလောမြို့နယ်၊ ရွာသစ်ကျေးရွာနေ အောင်ခိုင်(၃၀)နှစ် မောင်းနှင်ပြီး ဆန်းထွေး(၂၈)နှစ် လိုက်ပါလာသည့် နံပါတ်မပါ Honda Wave ဆိုင်ကယ်သည် အခင်းဖြစ်နေရာသို့အရောက်၌ အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောသို့ရောက်ရှိကာ မျက်နှာချင်းဆိုင်မှ သဃ်န်းကျွန်းမြို့နယ်၊ ပေါင်းကူးရပ်ကွက်နေ ဝင်းဇော်နိုင်(၃၃)နှစ် မောင်းနှင်လာသည့် YGN-3 4Q/--- SCANIA ခရီးသည်တင်မော်တော်ယာဉ်အား ဝင်ရောက်တိုက်မိခဲ့သဖြင့် အောင်ခိုင်နှင့် ဆန်းထွေးတို့တွင် ထိခိုက်ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့သောကြောင့် ၎င်းတို့ နှစ်ဦးအား ရွှေညောင်နယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ဓာတ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

၀-၀-၀-၀-၀-၀-၀



## လိုင်စင်မဲ့မော်တော်ယာဉ် နှစ်စီးဖမ်းဆီးရမိ

**ကျိုင်းတုံ နိုဝင်ဘာ ၁၀**

ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့နယ်နှင့် မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်တို့၌ လိုင်စင်မဲ့ မော်တော်ယာဉ် နှစ်စီး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၇ ရက် ညနေ ၅ နာရီတွင် ကျိုင်းတုံမြို့၊ အမှတ်(၁၂၀) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များက ကျိုင်းတုံ-တာချီလိတ်သွားကားလမ်းဆိုလာလမ်းဆုံ၌ မော်တော်ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ကျိုင်းတုံမြို့၊ (၄)ရပ်ကွက်နေ ရဲလင်းအောင် (၂၁)နှစ် မောင်းနှင်လာသည့် SHN-7 7F/---- HI-JET အဖြူရောင်မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါ ယာဉ်နှင့်ပတ်သက်သည့် အထောက်အထား တစ်စုံတစ်ရာပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ယာဉ်ဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် ရဲလင်းအောင်အား ကျိုင်းတုံမြို့မရဲစခန်းမှ ပို့ကုန်သွင်းကုန်ဥပဒေဖြင့် လည်းကောင်း၊ အလားတူ နိုဝင်ဘာ ၈ ရက် မွန်းလွဲ ၁၂ နာရီ ခွဲတွင် မကွေးခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက နယ်မြေလှည့်ကင်း ဆောင်ရွက်နေစဉ် အောင်ချမ်းသာရပ်ကွက်၊ ပြည်တော်သာလမ်း၊ အခြေခံပညာအလယ်တန်းကျောင်းရှေ့သို့အရောက်တွင် ပြည်တော်သာလမ်းအတိုင်း အနောက်ဘက်မှ အရှေ့ဘက်သို့ မကွေးမြို့၊ အောင်ရတနာရပ်ကွက်နေ ကောင်းမြတ်ဟိန်း (၃၀)နှစ် မောင်းနှင်လာသည့် MDY-12 5H/--- Honda Fit အဖြူရောင် မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရာ အဆိုပါ ယာဉ်နှင့်ပတ်သက်သည့် အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် ကောင်းမြတ်ဟိန်းအား မကွေးနယ်မြေရဲစခန်းမှ ပို့ကုန်သွင်းကုန်ဥပဒေဖြင့်လည်းကောင်း အသီးသီးအမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ဓာတ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

ဥပဒေဘောင်တွင်း နေထိုင်ခြင်း၊ ဘေးကင်းရန်ကွာ လွန်ချမ်းသာ •

❖ ရှမ်းပြည်နယ်မှ

ထိုသို့ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့နယ်အတွင်း ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ၊ ထိန်းချုပ်ဓာတုပစ္စည်းများနှင့် ဓာတုဆက်စပ်ပစ္စည်းများအား ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး၏ ညွှန်ကြားချက်အရ ဒေသတွင်း မီးရှို့ဖျက်ဆီးခြင်းနှင့် မြေမြှုပ်ဖျက်ဆီးခြင်း အခမ်းအနားကို နိုဝင်ဘာ ၈ ရက် နံနက်ပိုင်းတွင် မူဆယ်မြို့ စွမ်စော်ရပ်ကွက်၌ ပြုလုပ်ရာ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့များနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ မူဆယ်ခရိုင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ မူဆယ်ခရိုင်ရဲတပ်ဖွဲ့မှူးက မူးယစ်ဆေးဝါးများနှင့် ထိန်းချုပ်ဓာတုဆက်စပ်ပစ္စည်းများကို မီးရှို့/မြေမြှုပ် ဖျက်ဆီးခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် တက်ရောက်လာကြသူများက မီးရှို့/ မြေမြှုပ်ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများနှင့် ထိန်းချုပ်ဓာတုပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။ (အပေါ်ယာပုံ)



ယင်းနောက် မူဆယ်မြို့မရဲစခန်း၌ အမှုဖွင့်လှစ်ထားရှိသည့် မူးယစ်ဆေးဝါးမှု ၁၉ မှု၊ ဓာတုဆက်စပ်ပစ္စည်းမှု ၁၀ မှု စုစုပေါင်း ၂၉ မှုတို့မှ သက်သေခံပစ္စည်းများဖြစ်သည့် စိတ်ကြွရူးသွပ်ဆေးပြား ၉၃၇၅ ပြား၊ ကတ်တမင်း ၀ ဒသမ ၁၁၇၉ ကီလို၊ HAPPY WATER ၀ ဒသမ ၇၅၁ ကီလို၊ ဘိန်းဖြူ ၁ ဒသမ ၄၁ ကီလို၊ ခတ်ခူး ၀ ဒသမ ၀၀၆ ကီလို၊ ဘိန်းဆီခဲ ၀ ဒသမ ၃၄၄၀၄ ကီလို၊ ဆေးခြောက် ၁ ဒသမ ၃၇၅ ကီလို၊ METHYLAMINE ၅၂၀ လီတာ၊ THIONYL CHLORIDE ၁၂၀၀ လီတာ၊ BENZENE ၁၀၀ လီတာ၊ အရိုးမီးသွေး ၁၈၆၂ ဒသမ ၇၉၇၅ ကီလို၊ SODIUM ETHOXIDE ၂၄၁၉ ဒသမ ၈၇၉ ကီလို၊ CAUSTIC SODA ၅၅၄၉ ဒသမ ၇၇၈ ကီလို၊ SODIUM BISULFITE ၇၃၅ ဒသမ ၉၂ ကီလို၊ POTA-SSIUM CHLORIDE ၄၁၈ ဒသမ ၅၉ ကီလို၊ SODIUM CHLORIDE ၃၂၉ ဒသမ ၀၄ ကီလို စုစုပေါင်းတန်ဖိုးငွေကျပ် ၁၃၂၁၃၂၂၇၄ ဒသမ ၄ ကို မီးရှို့ဖျက်ဆီးခြင်း၊ မြေမြှုပ်ဖျက်ဆီးခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာကြသူများသည် မူးယစ်ဆေးဝါးများ၊ ထိန်းချုပ်ဓာတုပစ္စည်းများနှင့် ဓာတုဆက်စပ်ပစ္စည်းများအား မီးရှို့ဖျက်ဆီးခြင်းနှင့် မြေမြှုပ်ဖျက်ဆီးခြင်း ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြသည်။

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်နှင့်အညီ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး လုပ်ငန်းများကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာနနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့တို့က အရှိန်အဟုန်မြှင့်တင် ကြိုးပမ်းဆောင်ရွက်မှုကြောင့် မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်းအများအပြားကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပြီး မီးရှို့ဖျက်ဆီးခြင်းများကိုလည်း ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ဆက်လက်၍လည်း မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေတတ်သည့် ဓာတုဆေးဝါးများ တိုက်ဖျက်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

○ စာမျက်နှာ ၂၄ မှ

အတွက် ပြည်သူချစ်သော ဂီတအနုပညာရှင်များကလည်း တစ်ဖက်တစ်လမ်းမှ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၆ ရက်မှစတင်ပြီး ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် အသိပညာပေးနှိုးဆော်မှုများ ရိုက်ကူးရေးတွင် ပါဝင်ဆောင်ရွက်ကြခြင်းဖြစ်သည်။

ထိုသို့ဆောင်ရွက်မှုတွင် တေးသံရှင် အောင်လ၊ ဝေလ၊ ဖိုးကာ၊ ရဲရင့်အောင်၊ အောင်ထက်၊ ဖြိုးမြတ်အောင်၊ ဟန်နေတာ၊ နီနီခင်ဇော်၊ မိစန္ဒီ၊ ချမ်းမြေ့မောင်ချို၊ မေလသံစဉ်၊ အိမ့်ချစ်၊ အေးမြဖြူနှင့် လိမ္မော်သီးတို့အနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ ပြည်သူအသိပညာပေး နှိုးဆော်မှုများ ရိုက်ကူးရေးတွင် ပါဝင်ဆောင်ရွက်ခဲ့ကြပြီး ဆက်လက်ပြီးလည်း ဂီတအနုပညာရှင်များစွာ ရိုက်ကူးရေးတွင် ပါဝင်ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် နိုဝင်ဘာ ၁၀**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားကပြည်သူ့စကား "** အစီအစဉ်မှ **"အကြမ်းဖက် PDF အဖွဲ့ မိုင်းခွဲဖျက်ဆီးလိုက်တဲ့ ရောဝတီတံတား(ရတနာသိခ်ိ)"** ခေါင်းစဉ်ဖြင့် နိုဝင်ဘာ ၁၂ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် နိုဝင်ဘာ ၁၉ ရက် မွန်းလွဲ ၁ နာရီတွင် **"တိုင်းပြည်လည်းနာရသလို ပြည်သူလည်းနာရတဲ့ အကြမ်းဖက်သမားတွေရဲ့ ဖောက်ခွဲဖျက်ဆီးသတ်ဖြတ်မှုများ"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း မနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် နိုဝင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် နေရာ ကွက်ကျား၊ နေပြည်တော်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ကရင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့




## ဘုန်းမောက်အသင်းကို ဂိုးပြတ်အနိုင်ရရှိခဲ့သည့်အတွက် အလွန်ကျေနပ်မိကြောင်း အူနိုင်းအမ်မရီပြောကြား

**လန်ဒန် နိုဝင်ဘာ ၁၀**

ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် အက်စတွန်ဗီလာအသင်းက ဘုန်းမောက်အသင်းကို လေးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်အပြီးတွင် နည်းပြ အူနိုင်းအမ်မရီက



ယခုပွဲစဉ်တွင် အသင်းသားများ၏ ခြေစွမ်းကို အားရမိကြောင်း၊ ဂိုးပြတ်အနိုင်ရရှိခဲ့သည့်အတွက်လည်း အလွန်ကျေနပ်မိကြောင်း ပြောကြားခဲ့သည်။

အက်စတွန်ဗီလာအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ပရီးမီးယားလိဂ်ပွဲစဉ် ၁၁ ပွဲကစားပြီး ရမှတ် ၁၈ မှတ်ဖြင့် အဆင့် ၆ နေရာတွင် ရပ်တည်ကာ ရလဒ်ကောင်းများ ရယူထားနိုင်ခဲ့သည်။

အသက်(၅၄)နှစ်အရွယ်ရှိ အူနိုင်းအမ်မရီက "ဘုန်းမောက်အသင်းကို ဂိုးပြတ်အနိုင်ရရှိခဲ့လို့ အလွန်ကျေနပ်မိပါတယ်။ အသင်းသားတွေရဲ့ ခြေစွမ်းကလည်း ကောင်းမွန်ခဲ့ပါတယ်။ နောက်ထပ်လာမည့် ပွဲစဉ်တိုင်းမှာလည်း နိုင်ပွဲတွေဆက်လက်ရယူဖို့ ကြိုးစားသွားမှာပါ။ ပြီးတော့အသင်းနဲ့အတူ ဆုဖလားတွေကိုလည်း သိမ်းပိုက်ရယူသွားဦးမှာပါ" ဟု ပြောသည်။

**(အပေါ်ဝဲပုံ)(NGB)**

## 2025 Austin 125 တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ Marina Stakusic တက်ရောက်



**ဝါရှင်တန် နိုဝင်ဘာ ၁၀**

အမေရိကန်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Austin 125 တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ ကနေဒါတင်းနစ်မယ် Marina Stakusic တက်ရောက်ခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါ ကနေဒါတင်းနစ်မယ် Marina Stakusic သည် 2025 Austin 125 တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် အိမ်ရှင် အမေရိကန်တင်းနစ်မယ် Iva Jovic ကို ၆-၃၊ ၆-၄ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။


2025 Austin 125 တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ကနေဒါ တင်းနစ်မယ် Mar-ina Stakusic နှင့် မက္ကဆီကိုတင်းနစ်မယ် Renata Zarazua တို့ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။ **(NGB)**

## ဆက်စ်ကို ဒူးဒဏ်ရာကြောင့် ကာလရှည်အနားယူရဖွယ်ရှိ

**လန်ဒန် နိုဝင်ဘာ ၁၀**

မန်ယူအသင်းတိုက်စစ်မှူး ဆက်စ်ကို ဒူးဒဏ်ရာကြောင့် ကာလရှည် အနားယူရဖွယ်ရှိနေသည်။ **(အောက်ပုံ)**

အဆိုပါ တိုက်စစ်မှူးသည်



ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် မန်ယူအသင်းနှင့် စပါးအသင်းတို့ တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဆက်စ်ကို ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် မန်ယူအသင်းအတွက်လည်း ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၂)နှစ်အရွယ်ရှိ တိုက်စစ်မှူး ဆက်စ်ကိုသည် မန်ယူအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၁၂ ပွဲကစားပြီး နှစ်ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။ **(NGB)**

### ဘောလုံးသတင်း အတိုအထွာများ

* မန်ယူအသင်းသည် ဘာစီလိုနာအသင်း ကြယ်ပွင့်ကစားသမား ရာဖင်ဟာအား စတာလင်ပေါင် ၁၀၅ ဒသမ ၆သန်း ပေးချေကာ ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* စီးရီးအေကလပ် ဂျူဗင်တပ်အသင်းနှင့် အေစီမီလန်အသင်းတို့သည် နယူးကာဆယ်အသင်း ကွင်းလယ်ကစားသမား တိုနာလီအားခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။

* ဘိုင်ယန်မြူးနစ်အသင်းသည် လီဗာပူးအသင်းနောက်ခံကစားသမား ကိုနာတီအား ခေါ်ယူသွားမည်ဖြစ်သည်။ **(NGB)**

## ထရော့ဆက်ဒ်အား စာချုပ်သက်တမ်းတိုးရန် အာဆင်နယ်အသင်း အလျင်အမြန်စီစဉ်



**လန်ဒန် နိုဝင်ဘာ ၁၀**

အာဆင်နယ်အသင်းသည် အသင်း တောင်ပံကစားသမား ထရော့ဆက်ဒ်အား စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိပြီဖြစ်သည်။

အသက်(၃၀)နှစ်အရွယ်ရှိ တောင်ပံကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် အသင်းက စာချုပ်သက်တမ်းတိုးရန် စီစဉ်လာခြင်း ဖြစ်သည်။

တောင်ပံကစားသမား ထရော့ဆက်ဒ်သည် အာဆင်နယ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၃၈ ပွဲကစားပြီး ၃၂ဂိုး သွင်းယူကာခြေစွမ်းပြထားသည်။

အာဆင်နယ်အသင်း ထုတ်ပြန်ချက်တွင် "ထရော့ဆက်ဒ်ကို စာချုပ်သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ မကြာမီရက်ပိုင်းအတွင်း စာချုပ်ကိစ္စ အပြီးသတ်နိုင်တော့မှာပါ" ဟု ထုတ်ပြန်သည်။

**(ဝဲပုံ)(NGB)**

## မက်ဆီ ကစားသမားဘဝ ဂိုးပန်တီးမှု အကြိမ် ၄၀၀ ပြည့်မြောက်

**လန်ဒန် နိုဝင်ဘာ ၁၀**

အင်တာမိုင်ယာမီအသင်း တိုက်စစ်မှူး မက်ဆီသည် ကစားသမားဘဝ ဂိုးဖန်တီးမှုအကြိမ် ၄၀၀ ပြည့်မြောက်သည့် စံချိန်မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် အင်တာမိုင်ယာမီအသင်းက Nas-hville SC အသင်းကို လေးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် အသင်းအတွက် ဂိုးဖန်တီးမှု တစ်ကြိမ်ပြုလုပ်ပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်း ဖြစ်သည်။ **(ယာပုံ)**

တိုက်စစ်မှူး မက်ဆီသည် အင်တာမိုင်ယာမီအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၄၆ ပွဲကစားပြီး ၄၂ ဂိုးထိ သွင်းယူကာ ခြေစွမ်းပြထားသည်။

အင်တာမိုင်ယာမီအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် မေဂျာလိဂ်ပွဲစဉ် ၃၄ပွဲကစားပြီး ရမှတ် ၆၅ မှတ်ဖြင့် အဆင့် ၃ နေရာတွင် ရပ်တည်လျက်ရှိပြီး ပြိုင်ပွဲနောက်ဆုံးပွဲစဉ်အဖြစ် လာမည့် နိုဝင်ဘာ ၂၃ရက်တွင် Cincinnati အသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။ **(NGB)**



## ဂျာအိုပက်ဒရို ကစားသမားဘဝ ပရီးမီးယားလိဂ်ပွဲပေါင်း ၁၀၀ ပြည့်မြောက်



**လန်ဒန် နိုဝင်ဘာ ၁၀**

ချဲလ်ဆီးအသင်းတိုက်စစ်မှူး ဂျာအိုပက်ဒရိုသည် ကစားသမားဘဝ ပရီးမီးယားလိဂ်ပွဲပေါင်း ၁၀၀ ပြည့်မြောက်သည့် မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် ချဲလ်ဆီးအသင်းက ဝုဖ်အသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် ပါဝင်ကစားပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်း ဖြစ်သည်။

တိုက်စစ်မှူး ဂျာအိုပက်ဒရိုသည် ကစားသမားဘဝတစ်လျှောက်တွင် ဝက်ဖို့ဒ်အသင်းနှင့် ၃၁ပွဲ၊ ဘရိုက်တန်အသင်းနှင့် ၅၈ပွဲ၊ ယခု ချဲလ်ဆီးအသင်းနှင့် ၁၁ပွဲကစားပြီး စုစုပေါင်း ပရီးမီးယားလိဂ်ပွဲပေါင်း ၁၀၀ ပြည့်မြောက်ခဲ့ခြင်းဖြစ်သည်။

အသက်(၂၄)နှစ်အရွယ်ရှိ ဂျာအိုပက်ဒရိုက "ကျွန်တော်အခုလို ပရီးမီးယားလိဂ်ပွဲပေါင်း ၁၀၀ ပြည့်မြောက်ခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း အသင်းနဲ့အတူ ပုံမှန်ပွဲထွက်ခွင့်ရရှိအောင် ကစားပြီး အဖိုးတန်သွင်းဂိုးတွေလည်း သွင်းယူပေးသွားမှာပါ" ဟု ပြောသည်။

**(ဝဲပုံ)**

**(NGB)**

## ဖာလန်းမန်ဒီအား ခေါ်ယူရန် အက်သလက်တီကိုမက်ဒရစ်အသင်း စိတ်ဝင်စား

**မက်ဒရစ် နိုဝင်ဘာ ၁၀**

အက်သလက်တီကိုမက်ဒရစ်အသင်းသည် မြို့ခံပြိုင်ဘက် ရီးရဲလ်မက်ဒရစ်အသင်း နောက်ခံကစားသမား ဖာလန်းမန်ဒီအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၃၀)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ၂၀၁၉-၂၀၂၀ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၀၁ ပွဲကစားပြီး ၆ ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အက်သလက်တီကိုမက်ဒရစ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်း ဖြစ်သည်။



နောက်ခံကစားသမား ဖာလန်းမန်ဒီကိုယ်တိုင်ကလည်း လက်ရှိအချိန် ရီးရဲလ်မက်ဒရစ်အသင်းတာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် အသင်းမှ ထွက်ခွာချင်နေသည်။

ထို့ကြောင့် အက်သလက်တီကိုမက်ဒရစ်အသင်းအနေဖြင့် ဆောင်းရာသီဈေးကွက်အတွင်းတွင် ရီးရဲလ်မက်ဒရစ်အသင်းထံမှ ဖာလန်းမန်ဒီအား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည် ဖြစ်သည်။ **(ဝဲပုံ)(NGB)**

## နည်းပြ ဂွါဒီယိုလာ နည်းပြဘဝ ပြိုင်ပွဲစုံ ပွဲပေါင်း ၁၀၀၀ ပြည့်မြောက်

**လန်ဒန် နိုဝင်ဘာ ၁၀**

မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာ နည်းပြဘဝ ပြိုင်ပွဲစုံပွဲပေါင်း ၁၀၀၀ ပြည့်မြောက်ခဲ့သည့် မှတ်တမ်းကောင်း တစ်ရပ်ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ နည်းပြသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် မန်စီးတီးအသင်းက လီဗာပူးအသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်ကို ကိုင်တွယ်ပြီးနောက် ယခုလို ပွဲပေါင်း ၁၀၀၀ ပြည့်မြောက်ခဲ့ခြင်းဖြစ်သည်။

နည်းပြ ဂွါဒီယိုလာသည် နည်းပြဘဝတစ်လျှောက်တွင် ဘာစီလိုနာ(B)၊ ဘာစီလိုနာ၊ ဘိုင်ယန်မြူးနစ်၊ ယခု မန်စီးတီးအသင်းတို့အား ကိုင်တွယ်ပြီး




ပွဲပေါင်း ၁၀၀၀ပြည့်မြောက်လာခြင်း ဖြစ်သည်။

အသက်(၅၄)နှစ်အရွယ်ရှိ ဂွါဒီယိုလာက "ကျွန်တော် အခုလို မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်ခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို မှတ်တမ်းတွေအပြင် အသင်းနဲ့အတူ အောင်မြင်မှုများ ရရှိအောင် အစွမ်းကုန်ကြိုးစားသွားမှာပါ" ဟု ပြောသည်။

**(ဝဲပုံ)**

**(NGB)**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ယာယီဌာနေ ညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



**မန္တလေး နိုဝင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေ ညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးဖြစ်သူ Ms.Gwyn Lewis ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် ကုလသမဂ္ဂအဖွဲ့အစည်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော စီမံကိန်းများနှင့် ငလျင်ဒဏ်သင့်ပြည်သူများကို လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပံ့ပိုးဆောင်ရွက်နေမှု ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များနှင့်စပ်လျဉ်း၍ အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

ဝ-ဝ-ဝ-ဝ-ဝ

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ(၅/၂၀၂၅)အစည်းအဝေးသို့ တက်ရောက်

**မန္တလေး နိုဝင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ (၅/၂၀၂၅)အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အတွင်းရေးမှူးနှင့်တာဝန်ရှိသူများ၊ ရင်းနှီးမြှုပ်နှံမှုကော်မတီအဖွဲ့ဝင်များ၊ သက်ဆိုင်ရာ ဌာနများနှင့် ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ရင်းနှီးမြှုပ်နှံမှုများအား ပြည်သူများနှင့် သဘာဝပတ်ဝန်းကျင်တို့အပေါ် အကျိုးသက်ရောက်မှုကောင်းများ ရှိစေသည့် ရင်းနှီးမြှုပ်နှံမှုများကို အားပေးမြှင့်တင်ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုမြန်ဆန်အောင် ဆောင်ရွက်ပေးနိုင်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ မြန်ဆန်သွက်လက်စွာ စိစစ်ခွင့်ပြုချထားပေးလျက်ရှိပြီး တင်ပြလျှောက်ထားလာမှုနှင့် မြေပြင်တွင် အမှန်တကယ်လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေမှုများနှင့် ကိုက်ညီရန် လိုအပ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အတွင်းရေးမှူး ဒေါက်တာမင်းဇော်ဦးက ယခင်(၄/၂၀၂၅)ကြိမ်မြောက် အစည်းအဝေးမှ ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ယခုအစည်းအဝေးတွင် တင်ပြလျှောက်ထားလာမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီးနောက် ကုမ္ပဏီများမှ တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအား ရှင်းလင်းတင်ပြကြသည်။



၎င်းနောက် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အတွင်းရေးမှူးက တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့မှ ကွင်းဆင်းဆောင်ရွက်ခဲ့မှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြဆွေးနွေးရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

# အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း အမှတ်စဉ်(၁/၂၀၂၅)သင်တန်းဖွင့်ပွဲ ကျင်းပ

**မန္တလေး နိုဝင်ဘာ ၁၀**

အောင်မြေသာစံမြို့နယ်၊ မင်းတဲအိမ်ကင်းရပ်ကွက်၊ ကမ်းနားလမ်းနှင့် ၁၉ လမ်းထောင့်ရှိ မြို့နယ်မီးသတ်ဦးစီးမှူးရုံး၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း အမှတ်စဉ်(၁/၂၀၂၅)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သန်းဇော်၊ ကော်မတီဝင် ဦးသိန်းလွင်၊ အောင်မြေသာစံခရိုင် ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းလွင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးဇော်မျိုးထက်၊ ဒုတိယမီးသတ်ဦးစီးနှင့် လက်ထောက်မီးသတ်ဦးစီးများနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ ဒုတိယအရန်မီးသတ်တပ်ရင်းမှူး မြင့်ဇော်နှင့် အရန်မီးသတ်တပ်ခွဲမှူးများ၊ အရန်မီးသတ်တပ်စုမှူးများ၊ သင်တန်းသားအရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။



အခမ်းအနား၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားခဲ့ပြီး အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်းနှင့် အဆိုပါ သင်တန်းတွင် သင်တန်းသား ၅၀ ဦးအား နိုဝင်ဘာ ၁၀ ရက်မှ ဒီဇင်ဘာ ၅ ရက်အထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

**(မန္တလေးနေ့စဉ်-၄)**

# အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၇)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပ

**မန္တလေး နိုဝင်ဘာ ၁၀**

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏(၃၇)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို နိုဝင်ဘာ ၇ရက် မွန်းလွဲ ၂ နာရီက အောင်မြေသာစံမြို့နယ်၊ မန္တလေးတောင်ခြေအနီးရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အငြိမ်းစားများအသင်းမှ တာဝန်ရှိသူများ၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် အရာထမ်း၊ အမှုထမ်းများ၊ ခရိုင်မိသားစု စည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်ခင်အုန်းမြနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ အောင်မြေသာစံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၇) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အမှာစကားပြောကြားပြီး အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဖြစ်ပေါ်လာပုံသမိုင်းကြောင်းအား Viedo Clip နှင့် အောင်မြေသာစံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၂၀၂၅ ခုနှစ် လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းများအား Viedo Clip ဖြင့် ပြသသည်။

၎င်းနောက် အငြိမ်းစားဝန်ထမ်းများအား ခရိုင်အုပ်ချုပ်ရေးမှူးနှင့်ဝန်ထမ်းများက ကန်တော့ကြပြီး ဂါရဝပြုလက်ဆောင်များ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ)**

**မြင့်မော်ထွန်း(အောင်စံပြန်/ဆက်)**



ဝ-ဝ-ဝ-ဝ-ဝ

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်တွင် ပြည်သူလူထုနှင့် တွေ့ဆုံ





**မန္တလေး နိုဝင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါပြီး ယနေ့ မွန်းလွဲပိုင်းက အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ အမှတ်(၃၈)အခြေခံပညာအထက်တန်းကျောင်းဝင်းရှိ ဝင်းရတနာခန်းမတွင် ကျင်းပသည့် ပြည်သူလူထုနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မြန်မာအီလက်ထရောနစ် မဲပေးစက် အသုံးပြုနည်းကို မဲဆန္ဒရှင်ပြည်သူများ သိရှိနားလည်စေရန် အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်၍ ပြည်သူလူထုနှင့်တွေ့ဆုံပွဲ၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့မှု၊ အန္တရာယ်ရှိ အဆောက်အအုံများကို ဖယ်ရှားရှင်းလင်းခြင်း၊ ပြန်လည်ထူထောင်တည်ဆောက်ခြင်းလုပ်ငန်းများကို အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်ပေးလျက်ရှိပြီး ပြည်သူများမှ တင်ပြလာမှုများအပေါ် ချက်ချင်းဆောင်ရွက်ပေး၍ ရသည်များကို ချက်ချင်းဆောင်ရွက်ပေးနေပါကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အစိုးရ၊ ပုဂ္ဂလိကနှင့် ပြည်သူလူထုတို့၏ စည်းလုံးညီညွတ်မှုအင်အားတို့ဖြင့် ဝိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ငင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တက်ရောက်လာသည့် ပြည်သူလူထု၏ တင်ပြချက်များအပေါ် ချက်ချင်းဆောင်ရွက်ပေး၍ရသည်များကို သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီးနောက် နိဂုံးချုပ်စကားပြောကြားကာ တက်ရောက်လာကြသည့် ပြည်သူလူထုအား ရင်းနှီးစွာ တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

၀-၀-၀-၀-၀

MANDALAY
- မန္တလေးမြို့တော် သန့်ရှင်းရမည်။
- မန္တလေးမြို့တော် သာယာလှပရမည်။
- မြို့တော်နေလူထု စိတ်ချမ်းသာရမည်။

## မကွေးမြို့နယ်တွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းအမှတ်စဉ်(၁/၂၀၂၅)ဖွင့်လှစ်



**မကွေး နိုဝင်ဘာ ၁၀**

မကွေးမြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းအမှတ်စဉ်(၁/၂၀၂၅) ဖွင့်လှစ်ခြင်းကို မကွေးမြို့နယ် သစ်ရာကောက်နယ်မြေမီးသတ်စခန်း၌ ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပသည်။ **(အပေါ်ပုံ)**

အဆိုပါဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်(၁) ဗိုလ်မှူးဖြိုးမင်းထွန်းက သင်တန်းဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးသူက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်မှာ ပြည်သူလူထု၏ အသက်အိုးအိမ်ပစ္စည်းများ၊ နိုင်ငံတော်အတွင်းရှိ ကုန်ထုတ်အရင်းအနှီးများကို မီးဘေးအန္တရာယ်မှ တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်နှင့် သဘာဝဘေးအန္တရာယ်အပါအဝင် အခြားသောဘေးအန္တရာယ်များကျရောက်သည့်အခါ အရေးပေါ် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ၊ မီးသတ်ဦးစီးဌာန၏ ရည်မှန်းချက်တာဝန်(၄)ရပ်ဖြစ်သော မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးလုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေးအတွက် ရည်ရွယ်ကာ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်(၁)၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ တာဝန်ရှိသူနှင့် တပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ အရန်မီးသတ်တပ်ဖွဲ့ ခေါင်းဆောင်များနှင့် သင်တန်းသား ၅၀ ဦး အပါအဝင် စုစုပေါင်း ၇၀ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလကို နိုဝင်ဘာ ၁၀ ရက်မှ ဒီဇင်ဘာ ၅ ရက်အထိ လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မောင်ခိုင်မင်း(ပြန်ဆက်)

## ကျောက်မျက်စခန်းအတွင်း သတ်မှတ်ထားသည့် အိမ်ခံကြေး(ပွဲစားခ) သတ်မှတ်ထားသည့် နှုန်းထားအတိုင်း ကောက်ခံရမည်

**မန္တလေး နိုဝင်ဘာ ၁၀**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ၃၉လမ်းနှင့် လမ်း၄၀ ကြား၊ ၈၇လမ်းနှင့် ၈၈လမ်းကြားရှိ မဟာအောင်မြေကျောက်မျက်ရတနာရောင်းဝယ်ရေးစခန်းတွင် ဆိုင်ခန်းပိုင်ရှင်များ ကျောက်မျက်ရတနာအရောင်းအဝယ်ပြုလုပ်ရာ၌ သတ်မှတ်ထားသော အိမ်ခံကြေး(ပွဲစားခ) သတ်မှတ်ထားသည့် နှုန်းထားအတိုင်းသာ ကောက်ခံရမည်ဖြစ်ကြောင်း မဟာအောင်မြေ ကျောက်မျက်ရတနာရောင်းဝယ်ရေးစခန်း အကျိုးတော်ဆောင်အဖွဲ့ထံမှ သိရသည်။ **(အောက်ပုံ)**

ကျောက်မျက်ရတနာရောင်းဝယ်ရေးစခန်းတွင် ဆိုင်ခန်းပိုင်ရှင်များ၊ ဆိုင်ခန်းအငှား လာရောက်ဖွင့်လှစ်သူများအနေဖြင့် ကျောက်မျက်ရတနာ အရောင်းအဝယ်ပြုလုပ်ရာတွင် အကျိုးတော်ဆောင်ကော်မတီက ထုတ်ပြန်ထားသည့် အိမ်ခံကြေး(ပွဲစားခ) ငါးရာခိုင်နှုန်းကိုသာ ကောက်ခံရမည်ဖြစ်သည်။

"အိမ်ခံကြေးကို ဘယ်လောက်သတ်မှတ်ထားတယ်ဆိုတာကို ကျောက်မျက်ရတနာ ရောင်းဝယ်ရေးစခန်းအဝင်ဝမှာ ကပ်ထားပါတယ်၊ အဲ့ဒီနှုန်းထားအတိုင်း ကောက်ခံရမှာဖြစ်တယ်၊ ပွဲစားတွေ၊ ဆိုင်ခန်းပိုင်ရှင်တွေကိုလည်း ပြောပြထားပြီး ဖြစ်ပါတယ်"ဟု အဆိုပါကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



ယခု သတ်မှတ်ထားသော နှုန်းထားအတိုင်း ကောက်ခံခြင်းမရှိသည့် ဖြစ်စဉ်များဖြစ်ပွားခဲ့ပြီး အိမ်ခံနှင့် ဝယ်ရောင်းပြုလုပ်သူကြားတွင် ညှိနှိုင်းမှုများကို ပြုလုပ်ခဲ့ရကြောင်း၊ ထို့အတွက် နှုန်းထားတစ်ခုကို သတ်မှတ်ကာ အရောင်းအဝယ်ပြုလုပ်ရန် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

မဟာအောင်မြေ ကျောက်မျက်ရတနာရောင်းဝယ်ရေးစခန်းတွင် လက်ကောက်ဝိုင်း၊ အပွင့်ဝိုင်း၊ ဖြတ်သား၊ လွှာချပ်ဝိုင်း၊ ကျောက်စိမ်းပန်းပု၊ ရတနာအချောထည်များ၊ ကျောက်သွေးကျောက်ဖြတ်ရုံများရှိပြီး ဆိုင်ခန်းပေါင်း တစ်ထောင်ကျော်ရှိသည်။

အဆိုပါစခန်းတွင် ရတနာကုန်သည်၊ လုပ်ငန်းရှင်များ၊ ပွဲစားများ၊ နိုင်ငံခြားသားများ နေ့စဉ်ဝင်ရောက်လေ့လာရောင်းဝယ်မှုပြုလုပ်သည့်နေရာဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ အချက်အချာကျသော ကျောက်မျက်ရတနာရောင်းဝယ်ရေးစခန်းတစ်ခုဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ် ၈)


Gladys Muthoni
ကင်ညာနိုင်ငံသူ


Mary Jane a Vicente
ဖိလစ်ပိုင်နိုင်ငံသူ


Benson Koech
ကင်ညာနိုင်ငံသား


Mumtaz Tahir khan
ပါကစ္စတန်နိုင်ငံသား


Zhang Hao Nan
တရုတ်နိုင်ငံသား


Bong Bong
တရုတ်နိုင်ငံသား


Xu You qiqng
တရုတ်နိုင်ငံသား

❖ ရှေ့ဖုံးမှ

တပ်မတော်က စည်ဆက်မပြတ် ချေမှုန်းရှင်းလင်းလျက်ရှိသည့်အပြင် ယင်းတို့စုဖွဲ့နေထိုင်ခဲ့ကြသည့် KK Park အတွင်းရှိ အဆောက်အအုံများကို ဖျက်ဆီးရှင်းလင်းခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်နေပြီဖြစ်သည်။

ထိုကဲ့သို့ မြဝတီမြို့ မဲ့ထော်သလေး KK Park နယ်မြေတွင် အခြေပြု၍ online လိမ်လည်မှုများ၊ online လောင်းကစားမှုများ လုပ်ကိုင်ဆောင်ရွက်ခဲ့မှုကြောင့် ဖမ်းဆီးခံရပြီး နိုင်ငံတော်အစိုးရက သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်ဒဏ်ပေး လွှဲပြောင်းပေးအပ်မည့် ပြည်ပနိုင်ငံသားများနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်။

**Gladys Muthoni**
**ကင်ညာနိုင်ငံသူ**

ထိုင်းနိုင်ငံမှာ ကွန်ပျူတာနဲ့ပတ်သက်တဲ့ အလုပ်လုပ်ရမယ်ဆိုပြီး Telegram နဲ့ Facebook ကနေ သူငယ်ချင်းက ဆက်သွယ်လာပါတယ်။ ဒါကြောင့် ကင်ညာနိုင်ငံကနေ အီသီယိုးပီးယားနိုင်ငံကို လေယာဉ်နဲ့လာတယ်။ အဲဒီကနေ တစ်ဆင့် ထိုင်းနိုင်ငံ ဗန်ကောက်ကို ရောက်ပါတယ်။ ဗန်ကောက်ကနေ မြန်မာနိုင်ငံထဲကို ကားနဲ့ တစ်ယောက်တည်း လာခဲ့ပါတယ်။ မြန်မာနိုင်ငံထဲက KK Park ကိုရောက်တော့ အွန်လိုင်းလိမ်လည်မှု လုပ်ရမယ်မှန်းမသိခဲ့ပါဘူး။ ကွန်ပျူတာပိုင်းဆိုင်ရာ အလုပ်ပဲလုပ်ရမယ်လို့ ထင်ခဲ့တယ်။ ဒီကိုရောက်တဲ့အခါကျမှ အွန်လိုင်းလိမ်လည်မှုအလုပ်ကို လုပ်ခဲ့ရပါတယ်။ တစ်နေ့ကို ၁၈ နာရီလောက် အလုပ်လုပ်ရပါတယ်။ အခုကတော့ ကျွန်မတို့ကို သက်ဆိုင်ရာ သံရုံးနဲ့ ချိတ်ဆက်ပြီး ပြန်ပို့ပေးမယ်လို့ ပြောပါတယ်။

**Mary Jane a Vicente**
**ဖိလစ်ပိုင်နိုင်ငံသူ**

ဖိလစ်ပိုင်ကနေ ထိုင်းကို လေယာဉ်နဲ့ လာခဲ့ပါတယ်။ ထိုင်းနိုင်ငံကနေ မြန်မာနိုင်ငံကို ရောက်ဖို့အတွက် တောင်တစ်လုံးကို ဖြတ်ကျော်ခဲ့ရတယ်။ တရုတ်လူမျိုးတစ်ယောက်က ကျွန်မအပါအဝင် ၂၇ ယောက်ကို ကားသုံးစီးနဲ့ ခေါ်လာခဲ့ပါတယ်။ ထိုင်းဘက်ကနေ ညပိုင်းမှာ မြစ်ကိုကျော်ပြီး KK Park ထဲကို ရောက်လာခဲ့ပါတယ်။ HR ရာထူးနဲ့ လစာတွေ အများကြီးပေးမယ်ဆိုပြီး ခေါ်ခဲ့တာဖြစ်ပါတယ်။ အွန်လိုင်းလိမ်လည်မှုဆိုတာကို လုံးဝမသိခဲ့ရပါဘူး။ ကျွန်မကို မြန်မာနိုင်ငံမှာ အလုပ်လုပ်ရမယ်လို့လည်း တစ်ခါမှ မပြောခဲ့ဘူး။ ထိုင်းနိုင်ငံမှာပဲ HR ရာထူးနဲ့ အလုပ်လုပ်ရမယ် ပြောခဲ့တာဖြစ်ပါတယ်။ မြန်မာနိုင်ငံဆိုတဲ့ စကားလုံးတစ်လုံးမှ မပြောခဲ့ပါဘူး။ ဒါပေမယ့် ကျွန်မ မြန်မာနိုင်ငံကို ရောက်လာခဲ့ရတယ်။ မြန်မာနိုင်ငံမှာ လုပ်ရမယ်ဆိုတဲ့ ရည်ရွယ်ချက်လည်း ကျွန်မမှာ မရှိဘူး။ မြန်မာကိုလည်း လာတာမဟုတ်ဘူး။ ထိုင်းကိုပဲ သီးသန့်လာခဲ့တာ ဖြစ်ပါတယ်။

ဒီမှာလည်း ကျွန်မကို HR အနေနဲ့ ခေါ်တယ်ဆိုပေမယ့် တကယ်တမ်းကျတော့ Online scam တွေပဲ လုပ်ရပါတယ်။ တစ်ရက်ကို ၁၂ နာရီကြာအောင် အလုပ်လုပ်ရတယ်။ ဒီအလုပ်ရဖို့ ကျွန်မတို့ကို ဆိုရှယ်မီဒီယာဖြစ်တဲ့ Telegram ကနေတစ်ဆင့် ချိတ်ဆက်ပြီး ခေါ်ခဲ့တာပါ။ တစ်ခါတလေ အလုပ်မှာ သူတို့လိုအပ်တဲ့ Target ပန်းတိုင်မရောက်ရင် အပြစ်ပေးတာမျိုးတွေရှိတယ်။ ကျွန်မ သူငယ်ချင်းတွေလည်း အပြစ်ပေးခံရတာတွေရှိတယ်။ KK Park အတွင်းထဲမှာ အလုပ်တွေနဲ့ သက်ဆိုင်တဲ့ အဆောက်အအုံတွေ တစ်ကနေ ခြောက်အထိရှိတယ်။ အဲ့ဒီမှာ ကျွန်မတို့ ဖိလစ်ပိုင်လူမျိုးတွေ အယောက်တစ်ထောင်လောက်ရှိမယ်လို့ ခန့်မှန်းရတယ်။

အခု ထိန်းသိမ်းရေးစခန်းမှာ မြန်မာနိုင်ငံ အစိုးရက ဆေးဝါးတွေ၊ အစားအစာတွေနဲ့ အခြားလိုအပ်တဲ့ ပစ္စည်းတွေကို ထောက်ပံ့ပေးထားပါတယ်။ မြန်မာနိုင်ငံအစိုးရအနေနဲ့ ကျွန်မတို့ သံရုံးတွေနဲ့ ချိတ်ဆက်ပြီး နှစ်ပတ်လောက်နေရင် ပြန်ပို့ပေးမယ်လို့ သိရပါတယ်။ အမိနိုင်ငံကို ပြန်ချင်တဲ့အတွက် အမြန်ဆုံးပြန်လာခေါ်စေချင်ပါတယ်။

**Benson Koech**
**ကင်ညာနိုင်ငံသား**

ကျွန်တော်က ဒူဘိုင်းမှာ အလုပ်လုပ်ပါတယ်။ ဗန်ကောက်ကို အလည်လာရင်း ကုမ္ပဏီတစ်ခုရဲ့ Telegram အကောင့်ကနေ ဒီမှာအလုပ်လုပ်မလားဆိုပြီး ဆက်သွယ်လာခဲ့ပါတယ်။ စိတ်ဝင်စားတဲ့အတွက် ဗန်ကောက်မှာပဲ အလုပ်လုပ်ဖို့ ဆုံးဖြတ်ခဲ့တယ်။ ဗန်ကောက်ကနေ ၈ နာရီလောက်ဝေးတဲ့ နေရာမှာ အလုပ်လုပ်မလားဆိုပြီး ထပ်ပြောခဲ့တယ်။ ကားအကောင်းစားတွေနဲ့လာခေါ်လို့ လိုက်လာခဲ့ပြီး ဒီကိုရောက်လာခဲ့ပါတယ်။ ကားပေါ်မှာ ကောင်းတဲ့အလုပ်ဟုတ်ရဲ့လားဆိုပြီး မေးခဲ့ပေမယ့် သူငယ်ချင်းတွေက ဒီအလုပ်က ကောင်းတဲ့အလုပ်၊ လစာလည်းကောင်းမယ်၊ အခွင့်အရေးလည်း ကောင်းလိမ့်မယ်ပြောတာနဲ့ ဒီကိုရောက်လာခဲ့တယ်။ ဒီကိုရောက်တဲ့အချိန်မှာ အလုပ်တွေကို မလုပ်ဘူးလို့ ငြင်းဆန်ပေမယ့် အခွင့်အရေးမရတော့ဘူး။ KK Park ကိုရောက်လာတဲ့အချိန်အထိ ထိုင်းနိုင်ငံလို့ပဲ ထင်ခဲ့တယ်။ ဒီရောက်တော့ ဘယ်မှလဲမသွားရတော့ဘူး။

ဒီကို ရောက်တဲ့လမှာ အလုပ်ကို ဘယ်လိုလုပ်ရမယ်ဆိုတာ တစ်လလုံး သင်ကြားပေးတယ်။ ဖုန်းလေးလုံးပေးထားပြီး ဆက်သွယ်ခိုင်းတယ်။ ပြီးတော့ ထောင်နဲ့ချီတဲ့ မက်ဆေ့တွေကို စာပြန်ပို့ရတယ်။ ဟိုဘက်က ဟိုင်း၊ နေကောင်းလားဆိုတဲ့ စာပြန်ပို့လာရင် အထက်က Senior တွေက ဘာပြန်လုပ်ရမလဲ ဆိုတာကို ညွှန်ကြားပေးတယ်။

ဒီကိုရောက်လာတော့ KK Park ဆိုတာကို စပြီးတော့ သိလာတယ်။ အရင်က တစ်ခါမှမကြားဖူးဘူး။ အလုပ်လုပ်ရတဲ့အချိန်တွေက တရုတ်နိုင်ငံ ပေကျင်းစံတော်ချိန်အတိုင်း ၉ နာရီမှ စလုပ်ရတယ်။ နောက်နေ့ မနက် ၂ နာရီအထိ အလုပ်လုပ်ရတယ်။ တစ်ဖက်ကို စာပို့တဲ့အချိန်မှာ တစ်ဖက်ကပို့တဲ့ စာမပြန်ရင် ဘာဖြစ်လို့စာမပြန်လဲဆိုပြီး အပြစ်ပေးတာခံရပါတယ်။ နှစ်ရက်သုံးရက်အထိ အစာမကျွေးဘဲ ထားတဲ့အချိန်တွေရှိခဲ့ပါတယ်။ အပြစ်ပေးတဲ့အနေနဲ့ ပုံမှန်အိပ်တဲ့နေရာတွေမှာ ပေးမအိပ်ဘဲ အခြားနေရာတွေမှာ အိပ်ခိုင်းခဲ့တာမျိုးရှိတယ်။

အခုကတော့ မြန်မာနိုင်ငံရဲ့ ထိန်းသိမ်းရေးစင်တာမှာ အဆင်ပြေပါတယ်။ အရင်အလုပ်လုပ်ခဲ့တဲ့ KK Park မှာထက် ဒီမှာပိုအဆင်ပြေပါတယ်။ KK Park တုန်းက ပြန်ဖို့ပဲ တွေးနေခဲ့တယ်၊ ပြန်ချင်လို့ မန်နေဂျာကို ပြောပေမယ့် လက်မခံခဲ့ဘူး။ ဒီထိန်းသိမ်းရေး စင်တာရောက်တော့ ပျော်ရွှင်ခဲ့ရတယ်။ စိတ်ချမ်းသာတယ်။

ဒီစင်တာက နံနက်စာ၊ နေ့လယ်စာနဲ့ ညစာ၊ ကောင်းမွန်တဲ့ရေတွေ၊ နေရာထိုင်ခင်း အဆင်ပြေပြေနဲ့ အခြားလိုအပ်တာတွေကို ပြည့်ပြည့်စုံစုံ ကောင်းကောင်းမွန်မွန် စီစဉ်ပေးထားတဲ့အတွက် မြန်မာနိုင်ငံရဲ့အစိုးရကိုလည်း ကျေးဇူးတင်ပါတယ်။

ကျွန်တော်တို့လို နိုင်ငံခြားသား ၈၀ ရာခိုင်နှုန်းလောက်ဟာ ထိုင်းနိုင်ငံဘက်ကတစ်ဆင့် ရောက်လာကြတယ်။ ကျွန်တော်တို့ အာဖရိကဘက်က လာတဲ့သူတွေ ပိုများတယ်။ အခု ငါးလအတွင်း ထိုင်းဗီဇာကြောင့် လာတဲ့သူတွေနည်းသွားတယ်။ ကျွန်တော်လာတုန်းက ၁၈ နာရီလောက်ကြာတယ်။

ကျွန်တော့် လက်မှာရှိတဲ့ ဒဏ်ရာက အပြစ်ဒဏ် လျှပ်စစ်မီးနဲ့ တို့ခံရတဲ့ဒဏ်ရာဖြစ်တယ်။ တချို့သူတွေဆို ခေါင်းကိုစားပွဲနဲ့ ဆောင့်ရိုက်ခံရတဲ့ သူတွေလည်းရှိတာကို ကြုံတွေ့ခဲ့ရတယ်။ ပြစ်ဒဏ်ကြီးကြီးမားမားပေးချင်တဲ့အခါမှာ ရုံးခန်းထဲခေါ်ပြီး အပြစ်ပေးတယ်။

KK Park မှာ ဖုန်းကို တစ်နာရီလောက်ပဲပေးသုံးတယ်။ ပေးသုံးတဲ့အချိန်မှာလည်း အထူးကြပ်မတ်ပြီးတော့ စောင့်ကြည့်နေတယ်။ ဖုန်းမှာ Password ထားပိုင်ခွင့်မရှိဘူး။ အချက်အလက်တွေကို သူတို့အကုန်သိမ်းထားတယ်။ မိသားစုဝင်တစ်ယောက် နှစ်ယောက်ကိုပဲ ပေးပြီးဆက်သွယ်ခွင့်ပြုပေးတယ်။ သက်ဆိုင်ရာကို အကူအညီတောင်းတာတွေ့ရင် အစအနဖျောက်မယ်လို့ ခြိမ်းခြောက်တယ်။ ဒီကိုရောက်ရောက်ချင်းလမှာ ထိုင်းဘတ် သုံးသောင်းပေးတယ်။ နောက်ပိုင်းမှာ မပေးတော့ဘူး။ စားသောက်နေထိုင်ဖို့လောက်ပဲပေးတယ်။ အလုပ်နောက်ကျရင် ဒဏ်ငွေဆောင်ရတယ်။ ကျွန်တော်တို့ ဒီရောက်နေတဲ့ အာဖရိကနိုင်ငံသားအားလုံးရဲ့ မိသားစုတွေက ဗန်ကောက် ဒါမှမဟုတ် တရုတ်နိုင်ငံတို့မှာ အလုပ်လုပ်နေကြတယ်လို့ ထင်ကြတယ်။ KK Park မှာ အလုပ်လုပ်နေတယ်လို့ ပြောပိုင်ခွင့်မရှိပါဘူး။

**Mumtaz Tahir khan**
**ပါကစ္စတန်နိုင်ငံသား**

ဒီအလုပ်ကို စသိတာက အွန်လိုင်းကတစ်ဆင့်သိတာပါ။ အဲဒီကနေ ဆက်သွယ်မိပြီး ဗန်ကောက်ကို ရောက်လာတယ်။

စာမျက်နှာ ၁၅ သို့


ထိန်းသိမ်းရေးစခန်းအတွင်းရှိ ပြည်ပနိုင်ငံသားများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည်ကို တွေ့ရစဉ်။

## တတိယအကြိမ် ဗောဓိပူဇာညောင်ရေသွန်းမင်္ဂလာအထိမ်းအမှတ် မဟာဝိဟာရ သာသနာမော်ကွန်း စာစောင်အမှတ်(၃)စာမူများ ပိတ်ခေါ်

**မန္တလေး နိုဝင်ဘာ ၁၀**

မန္တလေး၊ ပုသိမ်ကြီးမြို့နယ်၊ ဂန္ဓမာကျေးရွာအုပ်စုတွင်တည်ရှိသော မဟာဝိဟာရကျောင်းတိုက်(ဂန္ဓမာ-မန္တလေး) ဥပဋ္ဌာကအဖွဲ့မှ ကြီးမှူး၍ စာရေးဆရာများဖြစ်သော မေမြို့ဆွေလင်းနှင့် သာအောင်မြင့် (ဖားကန့်)တို့ စုစည်းစီစဉ်ပူဇော်မည့် တတိယအကြိမ် ဗောဓိပူဇာညောင်ရေ သွန်းမင်္ဂလာအထိမ်းအမှတ် မဟာဝိဟာရ သာသနာ့မော်ကွန်း စာစောင်အမှတ်(၃)ကို ၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်(ဗုဒ္ဓအခါတော်နေ့)အမီ တစ်မူထူးဆန်းသစ်စွာဖြင့် ထုတ်ဝေဖြန့်ချိမည်ဖြစ်၍ ပါဝင်ပြုလုပ်မည်ဖြစ်ကြ၍ စာမူများ ပေးပို့နိုင်ကြောင်း သိရသည်။

ယခုထုတ်ဝေမည့် စာစောင်တွင် ကဗျာ၊ ဆောင်းပါး၊ဝတ္ထုတို့ပါဝင်မည်ဖြစ်ပြီး စာမူရှင်များအနေဖြင့် မြို့နယ်၊ ကျေးရွာ၊ ကျောင်းတော်မဟာ ကိုယ်စားပြု ကျိုးကြောင်း ပြ ဒေသန္တရသုတဆိုင်ရာများ၊ ဒေသိယစုဖွဲ့မှုဆိုင်ရာ ဘာသန္တရဆက်နွှယ်မှုများ၊ ဘာသာ သာသနာ မော်ကွန်းဝင်မှတ်တမ်း စံတင်စုပေါင်းလှူပ်ရှားကုသိုလ်ပွားမှုများ၊ ပရိယတ်၊ ပဋိပတ် သာသနာပြုလုပ်ငန်းများ ဟန်ချက်ညီစွာ ဖွံ့ဖြိုးတိုးတက်စေ ရေးအထောက်အကူ ပြုစာစုများ စာချ၊စာသင် ထေရ်အရှင်သံဃာတော်များ စိတ်ဓာတ်ခွန်အားမြင့်မားစေမည့် ပြချက်များ၊ ကဆုန်လပြည့်နေ့၏ ထူးခြားထင်ရှား ဗုဒ္ဓဝင်ဖြစ်တော်စဉ်များနှင့် ပူဇာယနာဂုဏ်တော်ရှင် မဟာဗောဓိပင်အကြောင်း သိကောင်းစရာစာမူများကို လွတ်လပ်ပေါ့ပါးစွာ မည်သူမဆို ကြိုက်နှစ်သက်ရာ စာပေပုံစံဖြင့် ပါဝင်ရေးသားပေးပို့ကြပါရန် မျက်နှာစာနှင့်အတွင်း ကဗျာစာမူ A4 တစ်မျက်နှာထက်မကျော်ရ၊ ဝတ္ထုတိုစာမူ A4 ခုနစ်မျက်နှာထက်မကျော်ရ သတ်မှတ်ထားရှိပြီး စာမူများအား ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၁၅ ရက် နောက်ဆုံးထားရှိကာ တက္ကသိုလ်တေဇာလင်း (ဘာဝနာဂုဏ်ရည်တေဇာလင်း ဓမ္မရိပ်သာ) လမ်း ၆၀၊ ၃၄လမ်းနှင့် ၃၅လမ်းကြား၊ မန္တလေး၊ ဖုန်း ၀၉-၂၅၀၃၈၃၇၀၅၊အောင်တင်ဝင်း(ငါ့သရောက်) နန်းတော်ရှေ့ စာပေတင်းကုပ် ၀၉- ၄၄၄၀၃၆၇၂၂၊ မန္တလေး၊ ဝေမင်းသန့်(မန်ကျည်းဖုမ်)၀၉-၇၉၈၆၅၇၆၃၆၊ Email -ayeayetoe 1991@gmail. com များသို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။

(၀၇၀)



## ဆောင်းနှမ်း အထွက်နှုန်းလျော့ကျသော်လည်း ဈေးကောင်းရရှိ

ပုသိမ်ကြီးမြို့နယ်အတွင်း၌ ဩဂုတ်လလယ်က စတင်ပျိုးသည့် ဆောင်းနှမ်းမှာ နိုဝင်ဘာလဆန်းပိုင်းတွင် ရိတ်သိမ်းခဲ့ရာ နှမ်းအထွက်နှုန်း လျော့ကျခဲ့သော်လည်း ဈေးကောင်းရရှိခဲ့ကြောင်း နှမ်းစိုက်ပျိုးသူများထံမှ သိရသည်။

ယခင်က ဆောင်းစိုက်နှမ်းများမှာ ရေသွင်းခြင်းနှင့်အတူ မိုးရေရရှိမှုကြောင့် တစ်ဧက ၁၀ တင်းခန့်ရရှိသော်လည်း ယခုနှစ်တွင် ရေသွင်းရေမရှိသောကြောင့် အထွက်နှုန်း လျော့ကျခြင်းဖြစ်ကြောင်း၊ အချို့နှမ်းစိုက်ခင်းများမှာ တံစဉ်လွတ် စိုက်ခင်းပျက်စီးမှုများလည်းရှိကြောင်း ပုသိမ်ကြီးမြို့နယ်အတွင်းရှိ နှမ်းစိုက်တောင်သူတစ်ဦးက ပြောသည်။

"ဆောင်းစိုက်နှမ်းက ရေမသွင်းနိုင်ဘဲ မိုးကောင်းရေနဲ့ စိုက်ပျိုးခဲ့တာပါ။ ဒီတော့ နှမ်းအထွက်နည်းခဲ့ပါတယ်။ ဒါပေမဲ့ နှမ်းနက်ဈေးက ကောင်းတော့ တောင်သူတွေ အဆင်ပြေကြပါတယ်။ ဒီနှစ် ရိတ်သိမ်းချိန်မှာ သုံးတင်း တစ်အိတ်ကို ငွေကျပ် ၈၀၀၀၀၀ ဈေးရတော့ တောင်သူတွေ အထွက်လျော့ပေမယ့် အဆင်ပြေကြပါတယ်" ဟု ၄င်းက ပြောသည်။

နိုဝင်ဘာ ၉ ရက်တွင် မန္တလေးကုန်စည်ဒိုင်တွင် နှမ်းနက်(စမုန်) ၄၅ပိဿာ အက်စစ်လွတ်တစ်အိတ်လျှင် ငွေကျပ် ၇၆၅၀၀၀ ပေါက်ဈေးရှိပြီး အရည်အသွေးအလိုက် ဈေးကွာခြားမှုရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**ရွှေမန်း**

၀-၀-၀-၀-၀

## နိုင်ငံသားစိစစ်ရေးကတ်မရှိသူများနှင့် ပျောက်ဆုံး၊ ပျက်စီးသူများအား ကွင်းဆင်းဆောင်ရွက်

**မန္တ လေး နိုဝင်ဘာ ၁၀**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ အသက် (၁၈)နှစ်နှင့်အထက် နိုင်ငံသားစိစစ်ရေးကတ်မရှိသူများနှင့် ပျောက်ဆုံး၊ ပျက်စီးသူများအား ကွင်းဆင်းဆောင်ရွက်ခြင်းလုပ်ငန်းများကို သီရိဟေမာ အနောက်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ နိုဝင်ဘာ ၁၀ ရက် မွန်းလွဲပိုင်းက ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် ချမ်းအေးသာစံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးအရာရှိ ဦးမင်းဦးနှင့်ဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများနှင့် စာရေးများက ပန်းခင်းစီမံချက်(၃)ဖြင့် အသက်(၁၈)နှစ်နှင့်အထက် နိုင်ငံသားစိစစ်ရေးကတ်မရှိသူများနှင့် ပျောက်ဆုံး၊ ပျက်စီးသူများအား ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

**ချမ်းမြေ့မောင်(ချမ်း/စံ)**

## ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

(၁၀-၁၁-၂၀၂၅)ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၂-၁၀-၂၀၂၅)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၉-၁၁-၂၀၂၅)ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၃၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ်ကုသပေးသောလူနာနှင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးလူနာမရှိပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ရောဂါကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊ ဆီးချို ရောဂါ၊ နှာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက်)ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးနေပြီဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)**

**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန**

စာမျက်နှာ ၁၄ မှ

အဲဒီကို ရောက်တဲ့အချိန်မှာ အချုပ်ရည်တစ်ခုကို သောက်လိုက်တယ်။ ပြန်နိုးလာတဲ့အချိန်မှာ တောအုပ်တစ်ခုထဲမှာ ရောက်နေတယ်။ အဲဒီတောအုပ်ထဲမှာ လူသုံးယောက်က ဓားရှည်နဲ့ ပစ္စတိုနဲ့ စောင့်နေပြီး KK Park ထဲရောက်နေတဲ့အကြောင်းပြောပြတယ်။ တရုတ်ကောင်မလေးနှစ်ယောက်က ရုံးထဲကို ခေါ်သွားတယ်။ အဲဒီ တရုတ်လူမျိုးတွေကိုလည်း တစ်ခါမှမမြင်ဖူးဘူး၊ သိလည်းမသိဘူး။ အလုပ်လုပ်ဖို့ ကမ်းလှမ်းတယ်။ ပထမဦးဆုံးသုံးလကို ထိုင်းဘတ် တစ်သောင်းခွဲပေးမယ်လို့ ကမ်းလှမ်းတယ်။ အဲဒီသုံးလအတွက် တစ်ပြားမှ မရခဲ့ဘူး။ နောက်ဆုံး ရွေးချယ်စရာလမ်းမရှိတော့ အဲဒီမှာပဲနေခဲ့ရတယ်။

အခုလို မြန်မာနိုင်ငံအစိုးရက ကယ်တင်ပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်။ အဲဒီမှာ ငါးလနေခဲ့ရတယ်။ စရောက်တော့ စာပို့တဲ့အလုပ်မှာ လုပ်ရတယ်။ KK Park တစ်ကနေ ငါးအထိ ရှိတယ်။ အပြင်ထွက်ဖို့ အမျိုးမျိုးကြိုးစားပေမယ့် မရခဲ့ဘူး။ ကျွန်တော့်မိန်းမနဲ့ ညီလေးလည်း အဲဒီမှာပဲအလုပ်လုပ်နေရတယ်။ အဲဒါကြောင့်အကူအညီအများကြီး လိုအပ်ခဲ့တယ်။

အခုလို လွတ်မြောက်ချင်တဲ့အတွက် အဲဒီက ထွက်လာတဲ့အချိန်မှာ ပစ္စည်းတွေ ဘာတစ်မှမယူဘဲ ပြေးလာခဲ့တာဖြစ်ပါတယ်။ ထိန်းသိမ်းရေးစင်တာမှာ ကျွန်တော့်ကို ကူညီပေးတဲ့ လူတွေအားလုံးကို ကျေးဇူးတင်ပါတယ်။ အမြန်ဆုံး သံရုံးနဲ့ချိတ်ဆက်ပြီး အမြန်ဆုံး ပြန်ပို့ပေးနိုင်ဖို့ မျှော်လင့်ပါတယ်။

ကျွန်တော် ဒီမလာခင်က ကျွန်တော်တို့ နိုင်ငံမှာပဲ အိမ်ခြံမြေအရောင်းအဝယ်လုပ်ပါတယ်။ ဗန်ကောက်ကို ရောက်လာတဲ့အကြောင်းက လူတစ်ဦးက လစာအများကြီးနဲ့ ကမ်းလှမ်းတဲ့အတွက် ရောက်လာခဲ့တာပါ။ အိန္ဒိယနိုင်ငံမှာလည်း ဒီလိုမျိုး Typing အလုပ်တွေ ရှိတယ်။ အဲဒီ Typing အလုပ်က တရားဝင်ဖြစ်တယ်။ ဒီရောက်မှ Typing အလုပ်ဟာ ငွေလိမ်တဲ့ အလုပ်မှန်း ကျွန်တော်သိရတယ်။ အပြင်သွားလို့ မရဘူး။ လုံခြုံရေးအပြည့်ချထားတယ်။ ဝယ်ယူထားတဲ့ ပစ္စည်းတွေကို ဗီရိုထဲမှာ စနစ်တကျထားရတယ်။ ၈ နာရီထိုးကနေ မွန်းလွဲ ၂ နာရီအထိအလုပ်လုပ်ရတယ်။ ထမင်းစားချိန်ကို မိနစ် ၃၀ ပေးထားတယ်။ ပြီးတော့ ညနေ ၅ နာရီကနေ မနက် ၄ နာရီအထိ တစ်နေ့ကို ၁၇ နာရီကနေ ၁၈ နာရီအထိ အလုပ်လုပ်ရတယ်။

ကျွန်တော် ထိန်းသိမ်းရေးစင်တာမှာ အဆင်ပြေပါတယ်။ ကျွန်တော့်ကို ကူညီပေးကြတဲ့ မြန်မာနိုင်ငံအစိုးရကိုလည်း ကျေးဇူးတင်ပါတယ်။ မြန်မာအစိုးရက သံရုံးတွေနဲ့ ချိတ်ဆက်ပြီး အများကြီးကူညီဆောင်ရွက်ပေးပါတယ်။ ကျွန်တော့်အနေနဲ့ တောင်းဆိုချင်တာတော့ အမြန်ဆုံးအိမ်ပြန်ရောက်အောင် ကူညီပေးဖို့ တောင်းဆိုချင်တယ်။

**Zhang Hao Nan**

**တရုတ်နိုင်ငံသား**

တရုတ်နိုင်ငံကနေလာတော့ ဘယ်ကုမ္ပဏီမှာ လုပ်ရမယ်ဆိုတာ မသိဘူး။ ကျွန်တော့်ကို လိမ်ခေါ်လာတော့ ဘာအလုပ်လုပ်ရမယ်ဆိုတာ မသိဘူး။ ကျွန်တော်က အွန်လိုင်းကိစ္စလာတာ မဟုတ်ပါဘူး။ ကျွန်တော်ရောက်တာ မကြာသေးပါဘူး။ နှစ်လကျော်လောက်ပဲ ရှိပါသေးတယ်။ အလုပ်တွေ မလုပ်ရသေးပါဘူး။

ကျွန်တော့်သူငယ်ချင်းက ထိုင်းမှာ အလုပ်လာလုပ်ဖို့ခေါ်တယ်။ ထိုင်းနိုင်ငံရောက်ပြီးမှ ဒီဘက်ကို ရောက်လာတာပါ။ အကြွေးရစရာရှိတာကို ထိုင်းဘက်မှာ လာယူပြီး ပြန်ဖို့ပြောလို့ ထိုင်းကို ရောက်လာတာပါ။ ပိုက်ဆံလာယူဆိုပြီး လိမ်ခေါ်တယ်။ ထိုင်းရောက်တော့ တခြားလူလွှတ်ပြီး လာခေါ်တယ်။ လူငါးယောက်က ကားနဲ့လာကြိုပြီး KK Park ကို ရောက်လာတယ်။

**Bong Bong**

**တရုတ်နိုင်ငံသား**

ကျွန်တော်ကတော့ ကွမ်တုံမြို့က နေပြီးတော့ ထိုင်းနိုင်ငံကို ရောက်ပါတယ်။ ထိုင်းရောက်တော့ ကျွန်တော့်ကို ကားပေါ်ဆွဲတင်ပြီး မလိုက်ချင်ဘူးဆိုတော့ ကျွန်တော့်ကို ရိုက်ပါတယ်။ KK Park ကို ရောက်တဲ့အချိန်မှာ ကျွန်တော် အလုပ်မလုပ်ပါဘူး။ အလုပ်မလုပ်တော့ အဲဒီကလူတွေက ကျွန်တော့်ကို ရိုက်ပြီးတော့ အခန်းထဲမှာ ပိတ်ထားပါတယ်။ KK Park ကိုရောက်မှ မြန်မာနိုင်ငံထဲမှာမှန်းသိရတယ်။ ငါးလလောက် အလုပ်မလုပ်တဲ့အတွက် ကျွန်တော့်ကို အခန်းထဲမှာ ပိတ်ထားပါတယ်။ အဲဒီချိန်မှာ တစ်နေ့ကို ထမင်းတစ်နပ်ပဲ ကျွေးပါတယ်။ အခု မြန်မာနိုင်ငံအစိုးရက စီစဉ်ပေးထားတာကောင်းပါတယ်။ ဒါပေမယ့် ကျွန်တော်အိမ်ပြန်ချင်တယ်။ ဟိုဘက်က လာမကြိုသေးတဲ့အတွက်စောင့်နေရတာဖြစ်ပါတယ်။

**Xu You qiqng**

**တရုတ်နိုင်ငံသား**

တရုတ်နိုင်ငံကနေ စထွက်လာပြီးတော့ ထိုင်းနိုင်ငံကို ရောက်ပါတယ်။ အောက်လမ်းကနေ လာတာဖြစ်ပါတယ်။ ထိုင်းကနေရောက်လာပြီးတော့ မြန်မာနိုင်ငံမှန်း မသိပါဘူး။ KK Park ကို ရောက်လာတာ နှစ်လကျော်လောက်ပဲ ရှိပါသေးတယ်။ ဘာမှ မလုပ်တတ်တဲ့အတွက် အခန်းကျဉ်းလေးထဲမှာ ချုပ်ထားပါတယ်။ တစ်ရက်ကို တစ်ခါလောက်တော့ မိသားစုနဲ့ အဆက်အသွယ်ရပါတယ်။ သူဌေးတွေက အကောင်းတွေကိုပဲ ပြောခိုင်းတယ်။ အိမ်ကမိသားစုတွေ စိတ်မခံစားရအောင် အကောင်းတွေပဲ ပြောပြရပါတယ်။ Phyo Phyo အကောင့်ကနေတွေ့ပြီး ပစ္စည်းအတင်အချအလုပ်တွေရှိတယ်ဆိုပြီး ဒီဘက်လာလုပ်ဆိုပြီး ပြောတာပါ။ ကျွန်တော်တို့ကို အခုမြန်မာနိုင်ငံက တာဝန်ရှိသူတွေက လုံခြုံအောင်ထားပေးတဲ့အတွက် ကောင်းပါတယ်။ မြန်မြန်တော့ ဆောင်ရွက်ပေးပါ၊ အိမ်ပြန်ချင်ပါတယ်။

**အောင်ကျိုင်း**

**ဓာတ်ပုံ-မင်းမင်း**

## ဉာဏ်ရည်တု(အေအိုင်)၏ ထူးခြားသော တိုးတက်လာမှုက အိန္ဒိယရှိ ဒေတာစင်တာများ ဖွံ့ဖြိုးမှုကို မြှင့်တင်ပေးလျက်ရှိ

**ဒေလီ နိုဝင်ဘာ ၁၀**

ဉာဏ်ရည်တု (အေအိုင်)၏ ထူးခြားသော တိုးတက်လာမှုက အာရှ၏ တတိယအကြီးဆုံး စီးပွားရေးနိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံရှိ ဒေတာစင်တာများ ဖွံ့ဖြိုးမှုကို အရှိန်မြှင့်တင်ပေးလျက်ရှိကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။




ဒေတာစင်တာများသည် ကွန်ပျူတာဆာဗာများ၊ အိုင်တီ အခြေခံအဆောက်အအုံများနှင့် ကွန်ရက်ပစ္စည်းကိရိယာများကို လက်ခံထားရှိခြင်းဖြင့် ကျွန်ုပ်တို့၏ တိုးတက်လာနေသော ဒစ်ဂျစ်တယ်ဘဝကို အထောက်အကူပြုသည့် ဗဟိုချုပ်ကိုင်ထားသော ရုပ်ပိုင်းဆိုင်ရာ အဆောက်အအုံများဖြစ်ကြသည်။ ချက်ဂျီပီတီမှ မေးမြန်းမှုများမှ လျှပ်စစ်ကားများနှင့် ထုတ်လွှင့်မှု ဝန်ဆောင်မှုများအထိ အရာအားလုံးကို ၎င်းတို့က လျှပ်စစ်ဓာတ်အားပေးထားသည်။

ယခင်လက ဂူဂဲလ်သည် အိန္ဒိယနိုင်ငံ၌ အကြီးဆုံးရင်းနှီးမြှုပ်နှံမှုအဖြစ် အိန္ဒိယတောင်ပိုင်းပြည်နယ်ဖြစ်သော အန်ဒရာပရာဒက်ရှ်ရှိ အေအိုင်ဒေတာစင်တာတစ်ခုအတွက် အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံ(ပေါင် ၁၁ ဒသမ ၄၉ ဘီလီယံ)ရင်းနှီးမြှုပ်နှံခဲ့သည်။

အမေဇုန်ဝက်ဘ်ဝန်ဆောင်မှုများနှင့် မေတာကဲ့သို့သော ကမ္ဘာ့ထိပ်တန်းကုမ္ပဏီကြီးများ၊ ရီလိုင်းယန့်စ်အင်ဒတ်စထရီ ကဲ့သို့သော ပြည်တွင်းလုပ်ငန်းရှင်များ အပါအဝင် ကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုများ ဆက်တိုက်လုပ်ဆောင်လာမှုများထဲမှ နောက်ဆုံးပေါ်ရင်းနှီးမြှုပ်နှံမှုဖြစ်ပြီး ထိုကုမ္ပဏီများအနေဖြင့် အိန္ဒိယ၏ ဒေတာစင်တာဈေးကွက်ထဲသို့ ဒေါ်လာဘီလီယံနှင့်ချီ၍ စိုက်ထုတ်ရင်းနှီးမြှုပ်နှံနေကြသည်။

ဖိမ်ခံအိမ်ခြံမြေတည်ဆောက်သူများပင် ယင်းကွန်ပျူတာစက်ရုံများ တည်ဆောက်ရန် လိုက်ပါလုပ်ဆောင်လာရာမှ ကမ္ဘာလုံးဆိုင်ရာ အိမ်ခြံမြေလုပ်ငန်း အကြံပေးအဖွဲ့အစည်းဖြစ်သော ဂျေအယ်လ်အယ်လ်၏ အဆိုအရ ထိုကဏ္ဍသည် အရှိန်အဟုန်ကောင်းစွာ တိုးတက်ရန် အသင့်ရှိနေသည်။

အိန္ဒိယ၏ ဒေတာစင်တာ စွမ်းဆောင်ရည်သည် ၂၀၂၇ ခုနှစ်တွင် ၇၇ ရာခိုင်နှုန်းအထိ မြင့်တက်ကာ ၁ ဒသမ ၈ ဂစ်ဂါဝပ်သို့ ရောက်ရှိလာနိုင်ပြီး အမျိုးမျိုးသော ခန့်မှန်းချက်များအရ ၂၀၃၀ ပြည့်နှစ်အရောက်တွင် စွမ်းဆောင်ရည် တိုးချဲ့ရေးအတွက် ဒေါ်လာ ၂၅-၃၀ ဘီလီယံခန့် သုံးစွဲမည်ဟု မျှော်မှန်းထားကြောင်း သိရသည်။

**Mon**

## နယူးဇီလန်နိုင်ငံ၏ ယူနက်စကိုစာရင်းဝင် တွန်ဂါရီရို အမျိုးသားပန်းခြံ မီးလောင်မှုဖြစ်ပွား

**ဝယ်လင်တန် နိုဝင်ဘာ ၁၀**

နယူးဇီလန်နိုင်ငံ တွန်ဂါရီရို အမျိုးသားပန်းခြံ၌ နိုဝင်ဘာ ၁၀ ရက်တွင် တောမီးလောင်ကျွမ်းမှုများ ဖြစ်ပွားလျက်ရှိပြီး တောမီးလောင်ကျွမ်းမှုသည်တဖြည်းဖြည်း အရှိန်ရလာပြီး ဟက်တာ ၂၅၀၀ အထိ လောင်နိုင်ကြောင်း နယူးဇီလန် မီးနှင့် အရေးပေါ်ဌာနက သတင်းထုတ်ပြန်သည်။

နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းတွင် တွန်ဂါရီရိုအမျိုးသားပန်းခြံ၌ မြူခိုးများ ဖုံးလွှမ်းလျက်ရှိသည်။ ထိုသို့ဖုံးလွှမ်းလျက်ရှိသောကြောင့် မီးအကြီးအကျယ် လောင်မှုကို ထိုက်သင့်သလောက် တားဆီးပေးထားသည်။ မီးသတ်လေယာဉ်များလည်း မြင်ကွင်းမရှင်းသောကြောင့် မြေပြင်၌သာ ရပ်နားထားရသည်။



ဝယ်လင်တန်နှင့် ဟောကက်စ်ဘေးမြို့ရှိ မီးနှင့်အရေးပေါ်ဌာနမှ မီးသတ်သမားအဖွဲ့ ရှစ်ဖွဲ့ကို မီးလောင်မှုဖြစ်ပွားရာသို့ စေလွှတ်ထားသည်။ ထို့ပြင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့မှ ခုနစ်ဖွဲ့နှင့် အနီးအနားရှိ မီးသတ်ဌာနများမှ မီးသတ်သမားများကိုလည်း ထပ်မံစေလွှတ်ထားကြောင်း သိရသည်။

ရာသီဥတု ကောင်းမွန်လာသည်နှင့် မီးသတ်ခြင်းဆောင်ရွက်နိုင်ရန် ရဟတ်ယာဉ် ၁၅ စင်း၊ မီးသတ်လေယာဉ် ငါးစင်းတို့ကိုလည်း အသင့်အနေအထား ပြင်ဆင်ထားကြောင်း နယူးဇီလန် မီးနှင့် အရေးပေါ်ဌာနမှ တာဝန်ရှိသူက ပြောသည်။

၁၈၈၇ ခုနှစ်က တည်ဆောက်ခဲ့သော တွန်ဂါရီရိုအမျိုးသားပန်းခြံသည် နယူးဇီလန်နိုင်ငံ၏ ပထမဆုံး အမျိုးသားပန်းခြံဖြစ်ပြီး ဟက်တာ ၈၀၀၀၀ ခန့် ကျယ်ဝန်းကြောင်း သိရသည်။ ထူးခြားသော သဘာဝတရားနှင့် ယဉ်ကျေးမှုတို့အတွက် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်နေရာ တစ်ခုလည်းဖြစ်သည်။ **ဆင်ဟွာ**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## ပြင်းထန်သောလေနှင့် မိုးသည်းထန်စွာ ရွာသွန်းမှုများ ဖြစ်ပွားပြီးနောက် အားပျော့သွားသော ဖုန်ဝေါင်တိုင်ဖုန်းမုန်တိုင်း ဖိလစ်ပိုင်နိုင်ငံမှ ထွက်ခွာ



**မနီလာ နိုဝင်ဘာ ၁၀**

အားပျော့သွားသော ဖုန်ဝေါင်တိုင်ဖုန်းမုန်တိုင်းကြောင့် အနည်းဆုံး လူနှစ်ဦးကို သေဆုံးပြီး လူတစ်သန်းကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းစေခဲ့သည့် ပြင်းထန်သောလေနှင့် မိုးသည်းထန်စွာ ရွာသွန်းမှုများ ဖြစ်ပွားပြီးနောက် နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းတွင် ဖိလစ်ပိုင်နိုင်ငံမှ ထွက်ခွာ၍ တောင်တရုတ်ပင်လယ်ပေါ်သို့ ရောက်ရှိသွားပြီဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ကျွန်းစုတစ်ခုလုံးနီးပါးကို လွှမ်းခြုံထားသော ဖုန်ဝေါင်မုန်တိုင်းသည် နိုဝင်ဘာ ၉ ရက် ညနေပိုင်းတွင် နိုင်ငံ၏ အရှေ့ဘက်ကမ်းရိုးတန်းကို "စူပါတိုင်ဖွန်း"အဖြစ် ဝင်ရောက်တိုက်ခတ်ခဲ့ပြီး တောင်ဘက်ပိုင်းဒေသများတွင် သစ်ပင်များကို အမြစ်ကနှုတ်ကာ မြို့များကို ရေဖုံးလွှမ်းစေခဲ့သည်။

ဖုန်ဝေါင်မုန်တိုင်း မဝင်ရောက်မီ ရက်ပိုင်းအလိုက တိုင်ဖွန်းကယ်မေဂီသည် ဖိလစ်ပိုင်အလယ်ပိုင်းကျွန်းများကို ဖြတ်ကျော်တိုက်ခတ်သွားခဲ့ပြီး လူအနည်းဆုံး ၂၂၄ ဦး သေဆုံးခဲ့သည်။

မြို့တော် မနီလာ အပါအဝင် အဓိကကျွန်းဖြစ်သော လူဇွန်၏ အစိတ်အပိုင်းများတစ်လျှောက်ရှိ ကျောင်းများနှင့် အစိုးရရုံးများကို နိုဝင်ဘာ ၁၀ ရက်တွင် ပိတ်ခဲ့သော်လည်း ခန့်မှန်းထားသည့်အတိုင်း မိုးသည်းထန်စွာ ရွာသွန်းခြင်းမရှိသေးကြောင်း သိရသည်။

**Mon**

## နေ့စဉ် ကော်ဖီတစ်ခွက်သောက်သုံးခြင်းက နှလုံးခုန်နှုန်းမမှန်ခြင်းကို ကာကွယ်ပေးနိုင်ဟု လေ့လာမှုတစ်ရပ်ကဆို


**ကင်ဘာရာ နိုဝင်ဘာ ၁၀**

လေ့လာမှုတစ်ရပ်အရ နေ့စဉ်ကော်ဖီတစ်ခွက် သောက်သုံးခြင်းက နှလုံးစွမ်းဆောင်ရည်ကျဆင်းခြင်း၊ လေဖြတ်ခြင်းနှင့် ဆောလျင်စွာ သေဆုံးခြင်းတို့ ဖြစ်စေတတ်သော နှလုံးခုန်နှုန်းစည်းချက် မမှန်ခြင်း (အေအက်ဖ်)ကို ကာကွယ်ပေးနိုင်ကြောင်း ဆင်ဟွာ သတင်းတွင် ဖော်ပြသည်။

ဩစတြေးလျနိုင်ငံရှိ အက်ဒဲလိတ်တက္ကသိုလ်နှင့် အမေရိကန်ပြည်ထောင်စု ဆန်ဖရန်စစ္စကိုမြို့ရှိ ကယ်လီဖိုးနီးယားတက္ကသိုလ်တို့၏ နိုဝင်ဘာ ၁၀ ရက် ထုတ်ပြန်ချက်တွင် သုတေသီများသည် နှလုံးကျန်းမာရေးအတွက် အံ့အားသင့်စရာကောင်းသည့် မဟာမိတ်တစ်ခုကို ကော်ဖီထဲတွင် ရှာဖွေတွေ့ခဲ့ကြကြောင်း ဖော်ပြထားသည်။

ကော်ဖီနှင့် အေအက်ဖ်ကြား ဆက်စပ်မှုကို လေ့လာသည့် ပထမဆုံးသော ကျပန်းရွေးချယ်စမ်းသပ်မှုတွင် တစ်နေ့လျှင် အနည်းဆုံး ကော်ဖီတစ်ခွက် သို့မဟုတ် အိတ်စ်ပရက်ဆို သောက်သုံးသော အေအက်ဖ်လူနာများမှာ ကဖိန်းဓာတ်ကို လုံးဝရှောင်ကြဉ်သောသူများထက် အေအက်ဖ်ထပ်မံဖြစ်ပွားသည့် အန္တရာယ်ကို ၃၉ ရာခိုင်နှုန်း လျှော့ချပေးနိုင်သည်ဟု ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ထို့ပြင် ဩစတြေးလျ၊ အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါနိုင်ငံတို့မှ အေအက်ဖ်လူနာ ၂၀၀ ကို ခြောက်လကြာ လေ့လာစမ်းသပ်မှုပြုလုပ်ခဲ့ကြောင်းလည်း ဖော်ပြထားသည်။

ကော်ဖီသည် ကိုယ်လက်လှုပ်ရှားမှုကို မြှင့်တင်ပေးပြီး အေအက်ဖ်ကို လျှော့ချနိုင်ကြောင်း၊ ထို့ပြင် ကဖိန်းဓာတ်သည် ဆီးရွှင်စေပြီး သွေးပေါင်ချိန်ကို လျှော့ကျနိုင်ကြောင်း ဆန်ဖရန်စစ္စကိုမြို့ရှိ ကယ်လီဖိုးနီးယားတက္ကသိုလ် နှလုံးအထူးကုဌာနမှ ပါမောက္ခဖြစ်သူ ဂရက်ဂိုရီ မားကပ်စ်က ပြောသည်။



ကော်ဖီထဲတွင်ပါသည့် အခြားပါဝင်ပစ္စည်းများက ရောင်ရမ်းခြင်းကို တိုက်ဖျက်နိုင်သော အာနိသင်များရှိကြောင်းနှင့် လေ့လာမှုက လူနာများအားပေးသော ဆေးဘက်ဆိုင်ရာ အကြံပေးချက်များကို ပြောင်းလဲသင့်ကြောင်း မားကပ်စ်က ပြောသည်။

**ဆင်ဟွာ**

# ဗုဒ္ဓဘာသာဆိုင်ရာ ကြည်ညိုမှတ်သားဖွယ် သုတမှတ်စု(၂)

ဤဗုဒ္ဓဝင်ဆိုင်ရာ ဆောင်းပါးအမှတ်(၂)ကို ဆက်ရေးမယ်ကြံတော့ စာရေးသူခေါင်းထဲတွင် ကျမ်းပြုအထင်ကရ ဆရာတော်ကြီး အရှင်ဇနကာဘိဝံသ၏ "ဘုရားရှင်၏ ကျေးဇူးတော်" ကဗျာတိုလေး(၂)ပိုဒ်ပေါ်၍လာသည်-

**ဘုရားရှင်တော် မပွင့်ပေါ်လျှင်**
**လူတော်အများ**
**စိတ်ကောင်းထားလည်း**
**ဤကားကုသိုလ်**
**အကုသိုလ်နှင့်**
**ထိုထို ဘုံဘဝ**
**မသိရ**
**များလှ အပြစ်တွေ ။ ။**

ဘုရားရှင်တော် ပွင့်ထွန်းပေါ်၍သာလျှင် လောကအမိုက်မှောင်ပျောက်၍ အလင်းတို့ ရောက်လာရသည်။ အကုသိုလ်တရားတို့ကို ဖယ်ရှားနိုင်ပြီး ကုသိုလ်ကောင်းကျိုးများ ဆိုက်ရောက်လာရပေသည်။ သို့ဖြစ်၍ ယင်းကို ဆရာတော်ကြီးက-

**ဘုရားရှင်တော်**
**ပွင့်ထွန်းပေါ်၍**
**ဟောဖော်ညွှန်ကြား**
**မြတ်တရားကြောင့်**
**ဤကားကုသိုလ်**
**အကုသိုလ်နှင့်**
**ထိုထိုဘုံဘဝ**
**သိကြရ**
**များလှကျေးဇူးတွေ ။ ။**

ဟု ဘုရားရှင် ပေါ်ပေါက်ပွင့်ထွန်းလာမှု အကျိုးရလဒ်ကို ဖော်ကျူးလှစ်ဟပေးခဲ့သည် မဟုတ်ပါလော။

**ဘုရားပွင့်ရာ ကပ်ကမ္ဘာ**

သတ္တဝါ တစ်ဦးတစ်ယောက်သည် သံသရာ ကျင်လည်ရာ၌ မရေမတွက်နိုင်သော ကပ်ကမ္ဘာတို့ကို ဖြတ်သန်းခဲ့ရသည်။ သန္တိသုခနိဗ္ဗာန်ကို မျက်မှောက်ပြုမှသာ သံသရာပြတ်၍ ကပ်ကမ္ဘာတို့ ကျော်ဖြတ်ရမှု ကင်းဝေးတော့သည်။ ထိုကျော်ဖြတ်ခဲ့ရသော မရေမတွက်နိုင်သည့် ကပ်ကမ္ဘာများအနက် ဘုရားရှင်တို့ပွင့်ရာ ကပ်ကမ္ဘာသည် လွန်မင်းစွာနည်းပြီး ဘုရားရှင်များ မပွင့်သော သုညကပ်ကမ္ဘာများကသာ မရေမတွက်နိုင်အောင် များလှသည်။ ဘုရားရှင်များပွင့်သော ကပ်ကမ္ဘာများမှာ-

(၁)သာရကမ္ဘာ- ဘုရားရှင်တစ်ဆူသာ ပွင့်၏။
(၂)မဏ္ဍကမ္ဘာ- ဘုရားရှင်နှစ်ဆူ ပွင့်၏။
(၃)ဝရကမ္ဘာ - ဘုရားရှင် သုံးဆူပွင့်၏။
(၄)သာရမဏ္ဍကမ္ဘာ- ဘုရားရှင်လေးဆူပွင့်၏။
(၅)ဘဒ္ဒကမ္ဘာ- ဘုရားရှင် ငါးဆူပွင့်တော်မူ၏။

ဂေါတမဘုရားရှင်သည် ဤဘဒ္ဒကမ္ဘာ၏ လေးဆူမြောက်ဘုရားရှင်ဖြစ်ပြီး အလောင်းတော်ဘဝက ဆုတောင်းခဲ့မှုတို့မှာ-

-စိတ်တော်၌ ကြံစည်ဆုတောင်းခဲ့သည့် ကာလ ခုနစ်အသင်္ချေ။

-နှုတ်တော်မြွက်၍ ဆုတောင်းခဲ့သောကာလ ကိုးအသင်္ချေ။

-ကိုယ်၊ နှုတ်၊ စိတ်တို့ဖြင့် ဆုတောင်းခဲ့သော ကာလက လေးအသင်္ချေနှင့်ကမ္ဘာတစ်သိန်း။

ထို့ကြောင့် ဂေါတမဘုရားရှင်သည် အလောင်းတော်ဘဝများက ကြံစည်ဆုတောင်းခဲ့သောကာလပေါင်း အသင်္ချေနှစ်ဆယ်နှင့် ကမ္ဘာတစ်သိန်း တိုင်တိုင်ဖြစ်သည်။ ထိုကာလများအနက် ဘုရားဖြစ်ရန် ကျိန်းသေသော နိယတဗျာဒိတ်ခံယူရရှိသည့်ကာလမှာ လေးအသင်္ချေနှင့်ကမ္ဘာတစ်သိန်းဖြစ်၏။ ထိုကာလအတွင်း နောက်ဆုံးပွင့်တော်မူသော ဂေါတမဘုရားရှင် အပါအဝင် ပွင့်တော်မူပြီးသော ဘုရားရှင်များမှာ နှစ်ကျိပ်ရှစ်ဆူရှိ၏။ နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓဝင်ဆိုင်ရာ သုတကို ဖော်ပြရေးသားခြင်းဖြစ်၍ ဤနှစ်ကျိပ်ရှစ်ဆူသော ဘုရားရှင်တို့၏ အမည်တော်များပါဝင်မှသာ ဖြစ်ပေမည်။ ယင်းတို့မှာကား-

(၁) တဏှင်္ကရာ ဘုရားရှင်
(၂) မေဓင်္ကရာဘုရားရှင်
(၃) သရဏင်္ကရာ ဘုရားရှင်
(၄) ဒီပင်္ကရာ ဘုရားရှင်
(၅) ကောဏ္ဍည ဘုရားရှင်
(၆) မင်္ဂလ ဘုရားရှင်
(၇) သုမန ဘုရားရှင်
(၈) ရေဝတ ဘုရားရှင်
(၉) သောဘိတ ဘုရားရှင်
(၁၀) အနောမဒဿီ ဘုရားရှင်
(၁၁) ပဒုမ ဘုရားရှင်
(၁၂) နာရဒ ဘုရားရှင်
(၁၃) ပဒုမုတ္တရ ဘုရားရှင်
(၁၄) သုမေဓ ဘုရားရှင်
(၁၅) သုဇာတ ဘုရားရှင်
(၁၆) ပိယအသီ ဘုရားရှင်
(၁၇) အတ္ထအသီ ဘုရားရှင်
(၁၈) ဓမ္မဒဿီ ဘုရားရှင်
(၁၉) သိဒ္ဓတ္ထ ဘုရားရှင်
(၂၀) တိဿ ဘုရားရှင်
(၂၁) ဖုဿ ဘုရားရှင်
(၂၂) ဝိပဿီ ဘုရားရှင်
(၂၃) သိခီ ဘုရားရှင်
(၂၄) ဝေဿဘူ ဘုရားရှင်
(၂၅) ကကုသန္ဓ ဘုရားရှင်
(၂၆) ကောဏာဂမန ဘုရားရှင်
(၂၇) ကဿပ ဘုရားရှင်
(၂၈) ဂေါတမ ဘုရားရှင် တို့ဖြစ်ပေသည်။

စာဖတ်သူတို့ ရောက်ရှိနေကြသည့် သာသနာ၏ အရှင်ဂေါတမဘုရားရှင်သည် နှစ်ကျိပ်ရှစ်ဆူသော ဘုရားရှင်တို့အနက် နှစ်ဆယ့်လေးပါးသော ဘုရားရှင်တို့၏ ထံတော်တွင် နိယတဗျာဒိတ်တော်ကို ဆင်မြန်းရရှိတော်မူခဲ့သည်။ နိယတဗျာဒိတ် စတင်ခံယူခဲ့သော ဘုရားရှင်ကား ဒီပင်္ကရာ ဘုရားရှင်ပင်ဖြစ်သည်။

**တဏှင်္ကရာဗုဒ္ဓဝင်**

ဤဘဒ္ဒကမ္ဘာမှ ပြန်ရေသော် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းအထက်၌ တဏှင်္ကရာဘုရားရှင် မေဓင်္ကရာဘုရားရှင်၊ သရဏင်္ကရာဘုရားရှင်၊ ဒီပင်္ကရာဘုရားရှင်ဟူ၍ ဘုရားရှင်လေးဆူပွင့်ရာ သာရမဏ္ဍ ကမ္ဘာပေါ်ပေါက်ခဲ့သည်။

တဏှင်္ကရာ ဘုရားအလောင်းတော်သည် တစ်ဆယ့်ခြောက်အသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူခဲ့ပြီး အဆုံး၌ အလောင်းတော်တို့၏ ဓမ္မတာအတိုင်း တုသိတာ နတ်ပြည်၌ စံနေတော်မူခဲ့သည်။ ထိုသို့ စံနေစဉ် နတ်၊ ဗြဟ္မာတို့က အလောင်းတော်နတ်သားအား ဘုံသုံးပါး၌ ဘုရားဖြစ်တော်မူရန် အချိန်တန်ပြီဖြစ်၍ လူ့ပြည်သို့ဆင်းကာ ပဋိသန္ဓေနေတော်မူပါရန် တောင်းပန်ခဲ့ကြ၏။ ထိုတောင်းပန်ချက်အရ နတ်ပြည်မှ စုတေ၍ လူ့ပြည် ပုပ္ဖဝတီမြို့တော် သုနန္ဒမင်းကြီး၏ တောင်ညာစံဒေဝီ အဂ္ဂမဟေသီ သုနန္ဒမိဖုရားခေါင်ကြီး၏ ဝမ်းကြာတိုက်၌ ပဋိသန္ဓေစံပျော် ကိန်းအောင်းတော်မူခဲ့၏။ ဆယ်လစေ့မြောက်သော် မိဂ်ရူးသန့်စင်ဖွားမြင်တော်မူခဲ့သည်။ အလောင်းတော်ပဋိသန္ဓေနေတော်မူစဉ်၊ ဖွားမြင်တော်မူစဉ်တို့၌ ပုဗ္ဗနိမိတ်ကြီးများ ထင်ခဲ့သည့်အပြင် အလောင်းတော်ဟူသမျှတို့၌ ဖြစ်ပေါ်လေ့ရှိသည့်အတိုင်း အံ့သြဖွယ်ရာများ ဖြစ်ပေါ်ခဲ့၏။

**ထီးနန်းစိုးစံခြင်းနှင့် ဘုရားဖြစ်တော်မူခြင်း**

အလောင်းတော် တဏှင်္ကရာ မင်းသားသည် အရွယ်ရောက်သော် နန်းရပ်ထီးဖြူ စိုးစံတော်မူ၍ ကြင်ယာ၊ ရံရွေတော်တို့၏ လုပ်ကျွေးမှုကို ခံယူကာ နှစ်ပေါင်းတစ်သောင်း မင်းစည်းစိမ်ခံစားတော်မူခဲ့သည်။ မင်းစည်းစိမ်ခံစားနေစဉ် နတ်တို့ဖန်ဆင်းပြသော သူအို၊ သူနာ၊ သူသေ၊ ရဟန်းဟူသော နိမိတ်ကြီးလေးပါးတို့ကို မြင်တော်မူခဲ့၍ ကြီးစွာသော သံဝေဂဖြစ်ကာ တောထွက်၍ ရဟန်းပြုတော်မူခဲ့သည်။ ဒုက္ကရစရိယာခေါ် လူသာမန်တို့ ကျင့်နိုင်ခဲသော အကျင့်တော်မြတ်ကို ခုနစ်ရက် ကျင့်တော်မူပြီးနောက် ဗောဓိမဏ္ဍိုင်ကို ကြွတော်မူကာ မဟာဗောဓိစရည်းပင်အရင်း အပရာဇိတပလ္လင်ထက်၌ သဗ္ဗညုတရွှေဉာဏ်တော်ကိုရ၍ ဘုံသုံးပါး၌ ဘုရားစင်စစ်ဖြစ်တော်မူခဲ့၏။

**ဂေါတမ ဘုရားအလောင်းတော် ဆုပန်တော်မူခဲ့ခြင်းနှင့် တဏှင်္ကရာဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူခြင်း**

တဏှင်္ကရာဘုရားရှင်သည် လူတို့၏ သက်တမ်း အနှစ်တစ်သိန်းတမ်း၌ ပွင့်တော်မူခဲ့၏။ ထိုအနှစ်တစ်သိန်း အာယုကပ်ပတ်လုံးတည်နေတော်မူ၍ သတ္တဝါတို့ကို သံသရာဝဲဂယက်မှ ကယ်ထုတ်တော်မူခဲ့သည်။ သိမှတ်ဖွယ် ထူးခြားသည့် တစ်ချက်မှာ ဂေါတမဘုရားအလောင်းတော်သည် တဏှင်္ကရာ ဘုရားရှင်ကို ဖူးတွေ့ခဲ့ရပြီး ထိုဘုရားရှင်ထံတော်၌ လွန်လွန်ကဲကဲ ကုသိုလ်ကောင်းမှုကိုပြု၍ ဘုရားဖြစ်ရန် ဆုပန်ခဲ့ဖူးသည်ဟူ၏။ သို့သော် တဏှင်္ကရာ ဘုရားရှင်က နိယတဗျာဒိတ် ပေးတော်မမူခဲ့။ ဂေါတမဘုရားအလောင်းတော်သည် နိယတဗျာဒိတ်ကို ရတော်မမူဘဲ ထိုဘဝမှ စုတေသော် နတ်ပြည်၌ ဖြစ်ခဲ့၏။

တဏှင်္ကရာဘုရားရှင်သည် ဘုရားရှင်တို့ ပြုလုပ်မြဲဖြစ်သော ဘုရားကိစ္စနှင့်ဘုရားရှင်တစ်ပါး ဆောင်ရွက်ရသည့် လုပ်ငန်းအဖြာဖြာတို့ကို ဆောင်ရွက်တော်မူကာ ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့သည်။

**ကျမ်းကိုး။ ။ ဓမ္မဗိမာန် နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓဝင်**

**(ဓမ္မဗိမာန် ကျမ်းစာအမှတ်-၄)**

**(ဆက်လက်ဖော်ပြပါမည်။)**

**ရေချမ်း(မန်း)**

# နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံနှင့်ရွေးချယ်တင်မြှောက်ခြင်း အခမ်းအနား ကျင်းပ

**မကွေး နိုဝင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များ အသင်းမှ ကြီးမှူးကျင်းပသည့် နှစ်ပတ်လည် အသင်းသားစုံညီ ညီလာခံနှင့် ရွေးချယ်တင်မြှောက်ခြင်းအခမ်းအနားကို နိုဝင်ဘာ ၉ ရက်က မကွေးမြို့ ထိန်ထိန်သာ မင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအတွင်းရှိ ဆောက်လုပ်ရေးဆိုင်ရာအသင်းမှ အသင်းသားများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။ **(ယာပုံ)**

ဆက်လက်၍ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဉာဏ်သစ်လှိုင်က မိတ်ဆက်စကားပြောကြားပြီး မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များ အသင်းချုပ် အထွေထွေအတွင်းရေးမှူးချုပ် ဦးကိုကိုလေးက အသင်းချုပ်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသက်ဝင်းက အသင်း၏ လုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး ရွေးချယ်တင်မြှောက်ပွဲကို ကျင်းပကာ ရွေးကောက်တင်မြှောက်ခံပုဂ္ဂိုလ်များက တက်ရောက်လာသည့် အသင်းသား ၊ အသင်းသူများနှင့် မိတ်ဆက်ခြင်းနှင့် အသင်းနှစ်ပတ်လည် အထွေထွေဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့သည်။ ထို့နောက် အသင်းဥက္ကဋ္ဌက မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများအား အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ကာ တက်ရောက်လာသူများကို နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။ (၄၄၅)



## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(စစ-၇)၊ ဦးပိုင်အမှတ်(၁၄၈-က)၊ ဧရိယာ(၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူများဟု အဆိုပြုသူများဖြစ်ကြသော ၁။ ဦးစိုးညွန့်(ဘ)ဦးအောင်ရွှေ(၅/စကန(နိုင်)၁၁၂၃၂၉)၊ ၂။ ဒေါ်မုန်းတင်(ဘ)ဦးကျော်ခင်(၅/စကန(နိုင်)၁၁၂၃၂၈)နှင့် ၃။ ဦးကျော်ဇင်ဦး(ဘ)ဦးစိုးညွန့်(၉/ခမစ(နိုင်)၀၃၂၀၈၈)၊ ၄။ ဦးသော်ဇင်ထွန်း(ဘ)ဦးစိုးညွန့်(၉/ခမစ(နိုင်)၀၄၆၆၇၃) နှင့် ၅။ ဒေါ်လှိုင်လှိုင်ထွန်း(ဘ)ဦးစိုးညွန့်(၉/ခမစ(နိုင်)၀၆၇၅၉၄)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးလှဘုန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**

| | | | | |
|---|---|---|---|---|
| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဒေါ်မွှေးမြင့် |
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(အေ-၁)၊ ၆၇လမ်း၊ ၃၁အေလမ်းနှင့်၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ဇီးပင်ကြီးကျေးရွာအုပ်စု၊ ဇီးပင်ကြီးကျေးရွာ၊ ကွင်းအမှတ်(၇၆၄)၊ ကွင်းအမည်(ဇီးပင်ကြီး)၊ ဦးပိုင်အမှတ်(၁၈/၆၁)၊ ဧရိယာ(၁၆ ဒသမ ၀၀)ဧက အကျယ်အဝန်းရှိ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုသည့်ရက်စွဲ(၃၀-၁၂-၂၀၂၀)ရက်စွဲဖြင့် ခွင့်ပြုသည့်စာအမှတ်(၂၂၀/လယ-၁)အရ ဦးမောင်မောင်စိုးဦး(ဘ)ဦးတင်အေး(၁၀/မလမ(နိုင်)၀၀၀၁၁၇)ကိုင်ဆောင်သူ အမည်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ရရှိထားသော ယာမြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် စိုက်ပျိုးထားသည့် သီးပင်စားပင်များအပါအဝင် မြေကွက်၏ သီးစားလုပ်ကိုင်ခွင့်၊ အခွင့်အရေးအရပ်ရပ်အားလုံးတို့ကို မိမိအမည်ပေါက် တရားဝင်ပိုင်ဆိုင်ပြီး လက်ရှိလက်ရောက် လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသည်ဟု အဆိုပြုသူများဖြစ်သော ဦးမောင်မောင်စိုးဦး(ဘ)ဦးတင်အေး(၁၀/မလမ(နိုင်)၀၀၀၁၁၇)နှင့် ဒေါ်ဖြူဖြူသင်း(ဘ)ဦးအုံးသိန်း(၁၀/မလမ(နိုင်)၁၄၅၁၉၅)ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဥမ္မာမြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**အကွက်(၈၈-၂၇/၃၈)၊ (၅၄-ဘီ)လမ်း၊ ၁၃၀လမ်း(အေးသုခလမ်း)နှင့်၁၃၁လမ်း(ရတနာလမ်း)ကြား၊ (ဆ)ရပ်ကွက်၊ ရတနာပုံမြို့သစ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၃၁၀၂၁၀၇၊ ၀၉-၇၆၄၁၀၂၁၀၇**

## ဒေါ်ငြိမ်းငြိမ်းဌေး(၉/မရတ(နိုင်)၀၂၉၁၉၀)ကိုင်ဆောင်သူနှင့် ၎င်း၏ဖခင် ဦးညွန့်မောင်တို့က (၇-၁၁-၂၀၂၅)ရက်တွင် ဦးမောင်ထွေးနှင့် ဒေါ်ပြည့်ပြည့်ဖြိုးတို့ထံ ရောင်းကြေးငွေနှင့် နစ်နာကြေးငွေများ ပြေလည်အောင် ပေးဆပ်ပြီးဖြစ်သည့်အတွက်(၂၈-၁၀-၂၀၂၅)ရက်စွဲဖြင့် မန္တလေးနေ့စဉ်သတင်းစာမှ ကန့်ကွက်ကြောင်း ထည့်သွင်းကြေညာခဲ့သည့် ကိစ္စအား ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ခနဲ့ကျေးရွာနေ(ဘ)ဦးဘရှိန်၏သား ဦးမောင်ထွေး(ပါ-၂)တို့၏ လွှဲအပ်ပြောကြားချက်အရ (၂၈-၁၀-၂၀၂၅)ရက်စွဲပါ မန္တလေးနေ့စဉ်သတင်းစာ၌ ထည့်သွင်းခဲ့သည့် စာမျက်နှာ(၁၉)ပါ ကြေညာချက်အား ပြန်လည်ရုပ်သိမ်းကြောင်း ဒေါ်ငြိမ်းငြိမ်းဌေးနှင့် အများသိစေရန် ကြေညာအပ်သည်မှာ-

"မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြောက်ရပ်ကွက်၊ အကွက်အမှတ်(၈၄၀)၊ ဦးပိုင်အမှတ်(၄၁-ခ)ဟု ခေါ်တွင်သော ဘိုးဘပိုင်(၀ ဒသမ ၀၃၄၉)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပစ္စည်းအရပ်ရပ်တို့မှာ ဦးညွန့်မောင်၊ ၎င်း၏ဇနီး ဒေါ်ကြင်သန်းနှင့် သမီးဖြစ်သူ ဒေါ်ငြိမ်းငြိမ်းဌေးတို့က အရပ်ကတိစာချုပ်ဖြင့် ရောင်းချသောကြောင့် ဦးမောင်ထွေး(ပါ-၂)ဦးတို့က ဝယ်ယူပိုင်ဆိုင်ထားသော မြေကွက်ဖြစ်ပါသည်။ မြေကွက်ရောင်းချသူ ဒေါ်ငြိမ်းငြိမ်းဌေးမှ ဦးမောင်ထွေး(ပါ-၂)ဦးထံ ရောင်းချပြီးဖြစ်သော အထက်ဖော်ပြပါ မြေကွက်အား အခြားသူများသို့ ထပ်မံရောင်းချရန် ကမ်းလှမ်းပြောဆိုနေကြောင်း စုံစမ်းသိရှိရပါသည်။ ယနေ့အချိန်ထိ ဦးမောင်ထွေး(ပါ-၂)ဦးထံ ၎င်းတို့ရောင်းချထားသည့် အရောင်းအဝယ်စာချုပ်မှာ အတည်ဖြစ်လျက်ရှိနေပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါ ဒေါ်ငြိမ်းငြိမ်းဌေး(ပါ-၂)ဦးက ရောင်းချခြင်းအပေါ် လုံးဝသဘောမတူ၍ ကန့်ကွက်ကြောင်းနှင့် ရောင်းမှား၊ ဝယ်မှားမဖြစ်စေရန်အတွက် ဒေါ်ငြိမ်းငြိမ်းဌေး(ပါ-၂)ဦးတို့၏ ရောင်းချရန်ကမ်းလှမ်းခြင်းအပေါ် ဒေါ်ငြိမ်းငြိမ်းဌေး(ပါ-၂)ဦးနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်"ဟု (၂၈-၁၀-၂၀၂၅) ရက်စွဲပါ မန္တလေးနေ့စဉ်သတင်းစာမှတစ်ဆင့် ထည့်သွင်းကြေညာချက်နှင့် စပ်လျဉ်း၍ ဒေါ်ငြိမ်းငြိမ်းဌေးနှင့် ဦးညွန့်မောင်တို့က ဦးအောင်အောင်သန်းနှင့် ဦးကျော်ဇင်(တရားလွှတ်တော်ရှေ့နေများ)မှတစ်ဆင့် (၅-၁၁-၂၀၂၅)ရက်စွဲဖြင့် မန္တလေးနေ့စဉ်သတင်းစာမှ တစ်ဆင့် တန်ပြန်ကြေညာခဲ့ပါသည်။

ထို့နောက်(၆-၁၁-၂၀၂၅)ရက် ညနေပိုင်းတွင် ဒေါ်ငြိမ်းငြိမ်းဌေးနှင့် ဦးညွန့်မောင်တို့ဘက်က ဦးမောင်ထွေးနှင့် ဒေါ်ပြည့်ပြည့်ဖြိုးတို့ထံ တယ်လီဖုန်းဖြင့် ဆက်သွယ်၍ ပြေလည်အောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောဆိုပြီးနောက် (၇-၁၁-၂၀၂၅)ရက်တွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ နှစ်ဖက်တွေ့ဆုံညှိနှိုင်းကာ ဒေါ်ငြိမ်းငြိမ်းဌေးနှင့် ဦးညွန့်မောင်တို့၏ ဝယ်ယူငွေနှင့် လျော်ကြေးငွေများကို ဦးမောင်ထွေး၊ ဒေါ်ပြည့်ပြည့်ဖြိုးတို့ထံ ကျေနပ်ပြေလည်သည့်တိုင်အောင် ပေးအပ်ပြီးဖြစ်ကြောင်း ပြောပြ၍ သိရှိရပါသည်။

သို့ပါ၍ (၂၈-၁၀-၂၀၂၅)ရက်စွဲဖြင့် မန္တလေးနေ့စဉ်သတင်းစာမှတစ်ဆင့် အထက်ဖော်ပြပါ မြေကွက်နှင့်စပ်လျဉ်း၍ ကန့်ကွက်ကြောင်း အများသိစေရန် ကြေညာချက်အား ပြန်လည်ရုပ်သိမ်းကြောင်း ကန့်ကွက်ခြင်းမရှိတော့ပါကြောင်း ဦးမောင်ထွေး၊ ဒေါ်ပြည့်ပြည့်ဖြိုးတို့က အများသိစေရန် ကြေညာအပ်ပါသည်။

အထက်ဖော်ပြပါ စကားရပ်များ စာသားများကို ကျွန်တော် ဦးမောင်ထွေးနှင့် ကျွန်မ မပြည့်ပြည့်ဖြိုးတို့မှ ရှေ့နေ ဦးဆန်းမင်းထွန်းနှင့် ဒေါ်ဇင်မာသန်းထံသို့ လွှဲအပ်ပြောကြားခြင်း ဖြစ်ပါသည်။

**လွှဲအပ်ပြောကြားသူများ**
**ဦးမောင်ထွေး၊ ဒေါ်ပြည့်ပြည့်ဖြိုး**

**လွှဲအပ်ပြောကြားချက်အရ–**
**ဦးဆန်းမင်းထွန်း (LL.B)၊ ဒေါ်ဇင်မာသန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေများ**
**၁၄လမ်းနှင့်၁၅လမ်းကြား၊ ၈၁လမ်းနှင့်၈၂လမ်းကြား၊**
**အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၀၀၂၆၂၅၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၉)တွင်တည်ရှိသော ဦးပိုင်အမှတ်(၁၀၉)၊ ဧရိယာဧက(၀ ဒသမ ၀၅၅၁)အကျယ်အဝန်းရှိ ဂရန်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ ထရံကာတစ်ထပ် အဆောက်အအုံ၊ မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဒေါ်မာလာသန်း(၉/မရမ(နိုင်) ၀၂၁၉၂၄)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန်သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

| | |
|---|---|
| ဦးလှမိုး (ဥပဒေဘွဲ့) | ဒေါ်ဝေဝေအောင်(ဥပဒေဘွဲ့) |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

**အမှတ်(ဒ-၁၁ /၄၁+၄၄)၊ ၆၃-Aလမ်း၊ ၃၉-Aလမ်းနှင့်လမ်း၄၀ကြား၊**
**မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း 09-2070007၊ 09-792070007၊ 09-43250000**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(တ-၆)တွင်တည်ရှိသော ဦးပိုင်အမှတ်(၉၆)အတွင်းမှ အရှေ့ဘက်ခြမ်း ပေ(၂၀×၆၀)အကျယ်အဝန်းရှိ ဂရန်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဒေါ်ဝေမာမောင်မောင်(၉/မနတ(နိုင်)၀၁၈၁၂၆)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန်သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

| | |
|---|---|
| ဦးလှမိုး (ဥပဒေဘွဲ့) | ဒေါ်ဝေဝေအောင်(ဥပဒေဘွဲ့) |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

**အမှတ်(ဒ-၁၁ /၄၁+၄၄)၊ ၆၃-Aလမ်း၊ ၃၉-Aလမ်းနှင့်လမ်း၄၀ကြား၊**
**မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း 09-2070007၊ 09-792070007၊ 09-43250000**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ သံလျက်မော်အရှေ့ရပ်ကွက်၊ အကွက်အမှတ်(၄၂၅)၊ ဦးပိုင်အမှတ်(၆/၅)ရှိ ဦးစာဥ အမည်ပေါက် မြေကွက်အတွင်းရှိ လားရာအရပ်မှာ အရှေ့လားသော်-ဦးမြမောင်မြေအစပ်၊ ၄ပေလမ်း၊ အနောက်လားသော်-သင်္ဂဇာချောင်းလမ်း၊ တောင်လားသော်-ဦးအုံးမြင့်မြေအစပ်၊ မြောက်လားသော်-ဦးမောင်ကိုမြေအစပ်အတွင်းရှိ မြေကွက်ဧရိယာ အရှေ့-အနောက်(၂၄)ပေ၊ တောင်-မြောက်(၂၂)ပေ(၆)လက်မ အဝင်အထွက်လမ်း(၄)ပေနှင့် ယင်းမြေကွက်ပေါ်ရှိ (၁)ထပ်မြေစိုက်အိမ်အပါအဝင် ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးထွန်းရီ(ဘ)ဦးအောင်စီ(၅/စကန(နိုင်)၁၂၃၁၀၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေအပြေအကြေအား ရောင်းချသူထံသို့ ပေးချေထားပြီးမြေကွက်အား လက်ရောက်ရယူထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါရှိသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးဆန်းဝေယံမင်းခန့် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၄၅၀)**
**အကွက်(၃၉၀)၊ သံ/နောက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၀၈၁၆၆၅၅၊ ၀၉-၇၄၀၀၂၇၅၆၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ စည်သာယာရပ်ကွက်၊ အကွက်အမှတ်/ကွင်း(၄၉၇)၊ ဦးပိုင်(၈-၅၆၃)၊ စည်သာယာ(၉)လမ်း၊ တောင်လှည့်၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးအောင်မိုး အမည်ပေါက် ဂရန်မြေကွက်၏ အနောက်ဘက်ခြမ်း မြေဧရိယာပေ(၃၀×၄၀)အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် လျှပ်စစ်မီး+ရေသုံးစွဲပိုင်ခွင့်အပါအဝင် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံနှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်များအားလုံးတို့ကို အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် တရားဝင်ဝယ်ယူထားပြီး အမှုအခင်း၊ အမွေဆိုင်အရှုပ်အရှင်း ကင်းရှင်းစွာ လက်ဝယ်ထားရှိပိုင်ဆိုင်ပါကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ထားထားဆွေ(ဘ)ဦးထွန်းစိန်(၉/မရမ(နိုင်)၀၂၃၈၃၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစန်းအောင်(ဘ)ဦးချစ်မြ(၉/မရမ(နိုင်)၀၀၈၂၉၆)နှင့် ဒေါ်တင်တင်ဌေး(ဘ)ဦးချစ်စိန်(၉/မရမ(နိုင်)၀၀၈၃၀၀)တို့က အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေကို ပေးချေပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သန့်ရွှေစင်ကျော် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၁၆၁)**
**၁၁၀(A)လမ်းနှင့်၁၁၁လမ်းကြား၊ ၆၈(B)လမ်း၊ အိမ်အမှတ်(က-၃/၄၆)၊ ချမ်းမြသာစည်မြို့နယ်၊**
**မန္တလေးမြို့။ ဖုန်း ၀၉-၄၃၀၁၂၂၉၁**

## ကြော်ငြာစာ

မန္တလေး၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ်(၀၀-၃၄)၊ ဦးပိုင်အမှတ်(၄၉)၊ ၆၁လမ်းနှင့် ၆၂လမ်းကြား၊ (A)လမ်းမြောက်ဘက်ရှိ ဇိုလ်မှူးကြီးကျော်ကျော်စိုး အမည်ပေါက် ဂရန်မြေကွက်အား တရားလို ဒေါ်ရီရီ၊ ဒေါ်မြင့်မြင့်ခင်၊ ဦးကျော်မော်ဦးတို့က တရားပြိုင် ဗိုလ်မှူးကြီး ကျော်ကျော်စိုးအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် အမရပူရခရိုင်တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၂၆/၂၀၂၄)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရရှိသူ ဒေါ်ရီရီ (၉/မရတ(နိုင်)၀၃၈၄၀၀)၊ ဒေါ်မြင့်မြင့်ခင်(၉/မရတ(နိုင်)၀၃၈၄၀၂)၊ ဦးကျော်မော်ဦး(၉/မဟမ(နိုင်) ၀၀၇၄၈၃)တို့က ဂရန်စာချုပ်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်၊ ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ်(၅)၊ ဦးပိုင်အမှတ် (၆၁၊ ၆၂)၊ ၁၈လမ်းနှင့် ၁၉လမ်းကြား၊ ၆၃လမ်းနှင့် ၆၄လမ်းကြားရှိ ဒေါ်ခင်မထွန်း၊ ဒေါ်ခင် ထားဦး၊ ဒေါ်ထွေးထွေး၊ ဒေါ်ခင်မလင်း၊ ဦးတင်အောင်လင်း အမည်ပေါက်ဂရန်မြေကွက်အား ဒေါ်ခင်ထားဦး(အပ်ချုပ်ဘ၀)၊ ခင်ပွန်း ဦးတင်အောင်လင်းတို့ကွယ်လွန်၍ ကျန်ရစ်သူဖနီးနှင့် မောင်နှမ များဖြစ်ကြသော ဒေါ်ခင်မထွန်း(ခ)ခင်မာထွန်း(၁၂/အစန(နိုင်)၁၂၀၈၉၇)၊ ဒေါ်ထွေးထွေး(၉/ မနမ(နိုင်)၀၆၇၁၇၁)၊ ဒေါ်ခင်မလင်း(၉/မနမ(နိုင်)၀၆၇၁၇၄)၊ ဒေါ်ကြည်ကြည်မြင့်(၉/မနမ (နိုင်)၀၆၇၁၇၂)တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေး မှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေး ကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအနောက်ရပ်ကွက်၊ အကွက်အမှတ် (၅၇၈)၊ ဦးပိုင်အမှတ်(၂၂-က)၊ ၈၄လမ်းနှင့် ၈၅လမ်းကြား၊ လမ်း၃၀နှင့် ၃၁လမ်းကြားရှိ ဦးလှမြင့်၊ ဒေါ်စိန်စိန်အမည်ပေါက် ဘိုးဘမြေကွက်အား ခင်ပွန်း ဦးလှမြင့်ကွယ်လွန်၍ ကျန်ရစ်သော ပူးတွဲအမည်ပေါက်သူ ဇနီး ဒေါ်စိန်(ခ)ဒေါ်စိန်စိန်(၉/မရမ(နိုင်)၀၁၁၁၅၇)က ဘိုးဘစာအုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက် ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် ပြုပါရန် လျှောက်ထားလာ ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင် ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ်(၅)၊ ဦးပိုင်အမှတ် (၆၃၊ ၆၄)၊ ၁၈လမ်းနှင့် ၁၉လမ်းကြား၊ ၆၃လမ်းနှင့် ၆၄လမ်းကြားရှိ ဒေါ်ခင်မထွန်း၊ ဒေါ်ခင် ထားဦး၊ ဒေါ်ထွေးထွေး၊ ဒေါ်ခင်မလင်း၊ ဦးတင်အောင်လင်း အမည်ပေါက်ဂရန်မြေကွက်အား ဒေါ်ခင်ထားဦး(အပ်ချုပ်ဘ၀)၊ ခင်ပွန်း ဦးတင်အောင်လင်းတို့ကွယ်လွန်၍ ကျန်ရစ်သူဖနီးနှင့် မောင်နှမ များဖြစ်ကြသော ဒေါ်ခင်မထွန်း(ခ)ခင်မာထွန်း(၁၂/အစန(နိုင်)၁၂၀၈၉၇)၊ ဒေါ်ထွေးထွေး(၉/ မနမ(နိုင်)၀၆၇၁၇၁)၊ ဒေါ်ခင်မလင်း(၉/မနမ(နိုင်)၀၆၇၁၇၄)၊ ဒေါ်ကြည်ကြည်မြင့်(၉/မနမ (နိုင်)၀၆၇၁၇၂)တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေး မှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေး ကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ အကွက် အမှတ်(၄၂၀)၊ သံလျက်မော်အရှေ့ရပ်နေ ဦးထွန်းနိုင်ဦး (ဘ)ဦးမြင့်အောင်(၉/အမဇ(နိုင်)၀၀၈၈၁၄)မှ အောက် ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကျွန်တော်၏ သားဖြစ်သူ ကိုနောင်စွမ်းထက် အောင်(ဘ)ဦးထွန်းနိုင်ဦး(၉/မဟမ(နိုင်)၀၇၇၂၀၅) ကိုင်ဆောင်သူသည် ဖခင်၏ဆိုဆုံးမမှုကို လိုက်နာ ဆောင်ရွက်ခြင်းမရှိဘဲ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲဖြစ် အောင်ပြုမူဆောင်ရွက်ခဲ့သဖြင့် ယနေ့မှစ၍ သား အဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း၊ နောက်နောင် ကိုနောင်စွမ်းထက်အောင်၏ လူမှုရေး၊ စီးပွားရေး၊ ငွေရေးကြေးရေးစသည့် ကိစ္စရပ်များနှင့် ပတ်သက်၍ လုံး၀(လုံး၀)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးထွန်းနိုင်ဦး(ဘ)ဦးမြင့်အောင်**
**(၉/အမဇ(နိုင်)၀၀၈၈၁၄)**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်ဈေးနှုန်းလေလံခေါ်ယူရောင်းချခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာန၊ သတင်းစာဌာနခွဲ၊ မန္တလေးသတင်းစာတိုက်မှ ထွက်ရှိလာသော လုပ်ငန်းသုံးဘေးထွက်ပစ္စည်း၊ သတင်းစာစက္ကူရိုက်ပျက် နှင့် လိပ်ခွာပျက်(ဖြူပျက်)(၅ ဒသမ ၁၀၄)တန်ကို အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်ဈေးနှုန်း လေလံခေါ်ယူရောင်းချမည်ဖြစ်ပါသည်-

(က) ရောင်းချမည့်ပစ္စည်းအမျိုးအစားများ - Thailand နိုင်ငံထုတ် News Print Paper CAS Brite 48.8gsm အမျိုးအစား

(၁)ရိုက်ပျက် - (၄ ဒသမ ၆၅၂)တန်

(၂)လိပ်ခွာပျက်(ဖြူပျက်) - (၀ ဒသမ ၄၅၂)တန်

(ခ) တင်ဒါပုံစံရောင်းချမည့်နေ့ရက် - ၁၂-၁၁-၂၀၂၅

(ဂ) တင်ဒါပုံစံရောင်းချမည့်နေရာနှင့် တင်ဒါတင်သွင်းရမည့်နေရာ - မန္တလေးနေ့စဉ်သတင်းစာတိုက်၊ ၃၅လမ်းနှင့် ၃၆လမ်းကြား၊ လမ်း၇၀နှင့် ၇၁ လမ်းကြား၊

(ဃ) တင်ဒါနောက်ဆုံးတင်သွင်းရန်နေ့ရက် နှင့် အချိန် - ၂၄-၁၁-၂၀၂၅(၁၆း၃၀)နာရီ

(င) တင်ဒါရွေးချယ်မည့်နေ့ရက်နှင့် အချိန် - ၂၇-၁၁-၂၀၂၅(၀၉း၃၀)နာရီ

(စ) တင်ဒါရွေးချယ်မည့်နေရာ - မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ၊ (၆)ထပ်ဆောင်အစည်း အဝေးခန်းမ

(ဆ) တင်ဒါလျှောက်လွှာတစ်စုံရောင်းချ ဈေးနှုန်း - ၂၀၀၀ိ/-

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း ၀၉-၂၀၅၁၇၅၂၊ ၀၂-၂၈၄၇၃၉၈၊ ၀၉-၇၉၇၅၇၅၂၇၄ တို့ကို ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာန**

## ကြော်ငြာစာ

မန္တလေး၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ အကွက်အမှတ် (၆၀၃-က)၊ ဦးပိုင်အမှတ်(၉/၉)၊ ရွှေကွန်ချာလမ်းပေါ်၊ သပြေလမ်း နှင့် ၈၄လမ်းကြားရှိ ဦးအုန်းမောင်၊ ဒေါ်ဝင်းဝင်းမြင့် အမည်ပေါက် ဂရန်မြေကွက်အား ခင်ပွန်း ဦးအုန်းမောင်ကွယ်လွန်၍ ကျန်ရစ် သော ပူးတွဲအမည်ပေါက်သူ ဇနီး ဒေါ်ဝင်းဝင်းမြင့်(၉/အမရ(နိုင်) ၀၁၀၇၈၈)က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံ စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီ များဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ မေဃာဂီရိရပ်ကွက်၊ အကွက် အမှတ်(၁၃၉)၊ ဦးပိုင်အမှတ်(၁-ခ)၊ ၁၆လမ်း၊ လမ်း၈၀နှင့် ၈၁လမ်း ကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်လင်းမေ(၁၃/လရန(နိုင်) ၀၈၄၆၃၂)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၇၁၁၃/၂၀၂၂)ဖြင့် လွှဲ အပ်ခြင်းခံရသူ ဒေါ်မျိုးမျိုးနိုင်(၉/မရမ(နိုင်)၀၇၉၇၇၈)က ဘိုးဘအမည် ပေါက်မြေပုံတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့် ကွက်လိုပါက ခိုင်လုံသောအထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာ တမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါ သည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ကဥ္စာမဟီရပ်ကွက်၊ အကွက်အမှတ်(၆၂၅)၊ ဦးပိုင်အမှတ်(၂၁)၊ ၇၆လမ်း၊ လမ်း ၃၀နှင့် ၃၁လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်နွယ်နွယ်ရီ(၉/မရမ(နိုင်)၀၅၆၄၈၇)က ဘိုးဘစာအုပ်တင် ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်(A-၄)၊ ဦးပိုင်အမှတ်(၁-ဠ)၊ ၅၂လမ်းနှင့် ၅၃ လမ်းကြား၊ ၂၇လမ်းနှင့် ၂၈လမ်းကြားရှိ ဂရန်မြေကွက်အမည် ပေါက်သူ ဦးဝင်း(၉/ပသက(နိုင်)၀၆၁၈၇၂)က ဂရန်စာချုပ်တင်ပြ ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့် ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာ ချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့် ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည် မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၅)၊ဦးပိုင် အမှတ်(၄၂)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ၄၇လမ်းနှင့် ၄၈ လမ်းကြား၊ ၁၁၂လမ်းနှင့် ၁၁၃ လမ်းကြားရှိ မြေကွက်အား၊ နေရာချထားပေးခြင်းခံရသူ ဒေါ်ခင်သောင်း(၉/မနမ(နိုင်) ၀၆၆၅၉၇)က ဂရန်သစ်၊ ဦးပိုင် ခွဲ လျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါ ရန် လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား များ၊ မှတ်ပုံတင်စာချုပ်စာ တမ်းများ၊ တရားရုံးဒီကရီ များဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်(A-၄)၊ ဦးပိုင်အမှတ်(၁-အ/၂)၊ ၅၂လမ်း နှင့် ၅၃လမ်းကြား၊ ၂၇လမ်းနှင့် ၂၈လမ်းကြားရှိ ဂရန်မြေ ကွက်အမည်ပေါက်သူ ဦးဝင်း(၉/ပသက(နိုင်)၀၆၁၈၇၂)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ် ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက် ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီ များဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်(၅၁၄/၆)၊ ဦးပိုင်အမှတ်(၃၉-က)၊ ၅၇(A) လမ်း၊ ၂၉လမ်းနှင့် လမ်း၃၀ကြားရှိ ဂရန်မြေကွက်အမည် ပေါက်သူ ဦးသန်းထွန်းမြတ်(၉/မရမ(နိုင်)၀၀၉၁၀၆)က ဂရန် စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆို ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက် ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီ များဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်(A-၁၀)၊ ဦးပိုင်အမှတ်(၁)၊ ၂၉(A)လမ်းနှင့် ၅၄လမ်းထောင့်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်လီဘီးဇ်ါ (ခ)သန်းသန်းညွန့်(၉/မရမ(ဧည့်)၀၀၀၀၃၇)က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၂ရပ်ကွက်၊ အကွက်အမှတ်(ဆ-၉)၊ ဦးပိုင်အမှတ်(၁၂)၊ ၇၃လမ်းမျက်နှာ ပြု၊ ၁၀၉လမ်းနှင့် ၁၁၀လမ်းကြားရှိ ဂရန်မြေကွက်အမည် ပေါက်သူ ဦးရီချုန်(၁၃/လရန(နိုင်)၀၈၁၀၂၅)က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်၊ အကွက် အမှတ်(၆၈၀)၊ ဦးပိုင်အမှတ်(၃)၊ ၃၄လမ်းနှင့် ၃၅လမ်းကြား၊ ၇၅ လမ်းနှင့် ၇၆လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်ဝင်း မာ၊ ဒေါ်ချိုမာ၊ ဒေါ်ရီစီတို့ ၃ ဦးအနက်၊ ဒေါ်ချိုမာ(အပျိုဘ၀)ကွယ် လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၁၃၅၅/၂၀၀၂)ဖြင့် ပိုင်ဆိုင်ခဲ့သူ ဒေါ်ဝင်းမာ(၉/မရမ(နိုင်)၀၄၆၃၇၀)၊ ဒေါ်ရီစီ(ခ)နိုင်မာ(၉/မရမ(နိုင်) ၀၇၀၁၂၈)ထံမှ အပေးစာချုပ်အမှတ်(၁၈၄၈/၂၀၀၂)ဖြင့် ပိုင်ဆိုင်ခဲ့သူ ဒေါ်သင်းသင်း(၉/မရတ(နိုင်)၀၆၆၈၅၄)က အမည်ပေါက်မြေပုံတင် ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်း များ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်၊ အကွက် အမှတ်(၆၈၀)၊ ဦးပိုင်အမှတ်(၄)၊ ၃၄လမ်းနှင့် ၃၅လမ်းကြား၊ ၇၅ လမ်းနှင့် ၇၆လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်မေ မေခင်ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၆၄၀/၂၀၀၂)ဖြင့် ဝယ်ယူ ခဲ့သူ ဒေါက်တာမောင်မောင်(၉/မရမ(နိုင်)၀၃၆၀၄၄)ထံမှ အရောင်း အဝယ်စာချုပ်အမှတ်(၂၀၉/၂၀၀၉)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်သင်းသင်း (၉/မရတ(နိုင်)၀၆၆၈၅၄)က အမည်ပေါက်မြေပုံတင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူး ခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီ များဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

❖ ကျွန်တော်တို့နိုင်ငံရဲ့ အနှိုင်မမျှော်မှန်းထားတဲ့ ရည်မှန်းချက်ကတော့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ "ပြည်ထောင်စုနိုင်ငံ" ထူထောင်နိုင်ဖို့ဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်ဆိုတာ ပြည်သူကရွေးချယ်တဲ့ အုပ်ချုပ်ရေးစနစ်ဖြစ်ပြီး ဖက်ဒရယ်စနစ်ဆိုတာက လုပ်ပိုင်ခွင့်အာဏာနဲ့ ရပိုင်ခွင့်တွေကို မျှဝေခံစားခြင်းဖြစ်ပါတယ်။ ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇွန် ၂၅ ရက်နေ့တွင်ပြုလုပ်သော ငြိမ်းချမ်းရေးဖိုရမ် – Peace Forum 2025 ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။



## ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ်၌ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ၊ ထိန်းချုပ်ဓာတုပစ္စည်းများနှင့် ဓာတုဆက်စပ်ပစ္စည်းများအား ဒေသတွင်း မီးရှို့ဖျက်ဆီးခြင်းနှင့် မြေမြှုပ်ဖျက်ဆီးခြင်းတို့ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၀

နိုင်ငံတော်အစိုးရအနေဖြင့် တစ်မျိုးသားလုံးကို လူညွှန့်တုံးစေနိုင်သည့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သည့် ဓာတုဆေးဝါးများ တိုက်ဖျက်ရေးကို ဌာနဆိုင်ရာများ၊ လုံခြုံရေးအဖွဲ့အစည်းအသီးသီးတို့၏ စုပေါင်းအားဖြင့် စစ်ဆင်ရေးတစ်ရပ်သဖွယ် အစဉ်အဆက် တိုက်ဖျက်ဆောင်ရွက်လျက်ရှိပြီး ဖော်ထုတ်ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများကိုလည်း နိုင်ငံတော်အဆင့် အခမ်းအနားများ၊ ဒေသတွင်းအဆင့် အခမ်းအနားများဖြင့် ဖျက်ဆီးလျက်ရှိသည်။

စာမျက်နှာ ၁၀ သို့ ❖

## ဒီမိုကရက်တစ်အင်အားစု လေဘာပါတီနှင့် မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ ဖော်ပြပါရှိ

နေပြည်တော် နိုဝင်ဘာ ၁၀

ဒီမိုကရက်တစ်အင်အားစု လေဘာပါတီနှင့် မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ ယနေ့ထုတ် မန္တလေးနေ့စဉ် သတင်းစာ စာမျက်နှာ ၅ နှင့် ၆ တို့တွင် ဖော်ပြပါရှိပါသည်။

မန္တလေးနေ့စဉ်

## ပထမနှစ် နေ့သင်တန်း ဝင်ခွင့်ရစာရင်းများ ထုတ်ပြန်မည်

ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
ပထမနှစ် နေ့သင်တန်းဝင်ခွင့်ရစာရင်းများ ထုတ်ပြန်မည်

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအတွက် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပထမနှစ်နေ့သင်တန်းဝင်ခွင့်ရသူများစာရင်းကို (၁၃-၁၁-၂၀၂၅) ရက်တွင် သက်ဆိုင်ရာ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်အသီးသီးတွင် ကြေညာထားမည်ဖြစ်ပြီး ပညာရေးဝန်ကြီးဌာန website http://www.moe.gov.mm နှင့် အဆင့်မြင့်ပညာဦးစီးဌာန website http://www.dhe.gov.mm တို့တွင်လည်း ကြေညာထားမည်ဖြစ်ပါသည်။

အဆင့်မြင့်ပညာဦးစီးဌာန

## နေမာ၏ ဂိုးသွင်းစံချိန်အား လီဝန်ဒေါ့စကီး ကျော်ဖြတ်

**ဘာစီလိုနာ နိုဝင်ဘာ ၁၀**

ဘာစီလိုနာအသင်းတိုက်စစ်မှူး လီဝန်ဒေါ့စကီး (၁၀၈ဂိုး)သည် အသင်းကစားသမားဟောင်းဖြစ်သူ တိုက်စစ်မှူး နေမာ၏ (၁၀၅ဂိုး) ဂိုးသွင်းစံချိန်အား ကျော်ဖြတ်နိုင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် စပိန်လာလီဂါပွဲစဉ်အဖြစ် ဘာစီလိုနာအသင်းက ဆဲလ်တာဗီဂိုအသင်းကို လေးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် အဖိုးတန် သွင်းဂိုးသုံးဂိုးသွင်းယူပေးပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။



တိုက်စစ်မှူး လီဝန်ဒေါ့စကီးသည် ဘာစီလိုနာအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၅၉ ပွဲကစားပြီး ၁၀၈ ဂိုးအထိ သွင်းယူနိုင်ခဲ့သည်။

လီဝန်ဒေါ့စကီးက "ကျွန်တော် အခုလို နေမာရဲ့ စံချိန်ကို ကျော်ဖြတ်နိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလိုသွင်းဂိုးတွေ ထပ်မံသွင်းယူနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ" ဟု ပြောသည်။

(NGB)

0-0-0-0-0

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးနှိုးဆော်မှုများ ရိုက်ကူးရေးတွင် ဂီတအနုပညာရှင်များ ပူးပေါင်းပါဝင်

နေပြည်တော် နိုဝင်ဘာ ၁၀

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို လာမည့် ဒီဇင်ဘာ ၂၈ ရက်တွင် စတင် ကျင်းပမည်ဖြစ်ရာ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဂီတအနုပညာရှင်များက အသိပညာပေးနှိုးဆော်မှုများ ရိုက်ကူးရေးတွင် ဆောင်ရွက်လျက်ရှိသည်။

ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲနှင့်သာ ဖော်ဆောင်နိုင်မည်ဖြစ်ရာ ပြည်သူတစ်ရပ်လုံးက ရွေးကောက်ပွဲကြီးတွင် ပါဝင်မဲပေးပြီး ဒီမိုကရေစီနိုင်ငံတော်ကို အတူတကွဖော်ဆောင်ကြရန်

စာမျက်နှာ ၁၀ သို့ ○



၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးနှိုးဆော်မှုများ ရိုက်ကူးရေးတွင် ဂီတအနုပညာရှင်များ ပါဝင်ဆောင်ရွက်နေမှုကို တွေ့ရစဉ်။